# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (25-10-2011) (၆၂၃)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　အောက်တိုဘာ　　၂၄**

ကမ္ဘောဒီးယားနိုင်ငံတွင် လတ်တလောဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ကမ္ဘာ့ပြဿနာများကို အဆုံးသတ်စေရန်နှင့် ကမ္ဘာကြီးတစ်ခုလုံးအား ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ တရားမျှတမှုရှိသော ကမ္ဘာကြီးအဖြစ် တည်ဆောက်ရေးအတွက် ကမ္ဘာသူ ကမ္ဘာသားများ၏ မျှော်မှန်းချက်များသည် ကုလသမဂ္ဂအဖွဲ့ကြီးထံတွင် ရှိနေ

## မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂသည် ကမ္ဘာသူ ကမ္ဘာသားများ၏ မျှော်မှန်းချက်များ အပြည့်အဝဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်

**နေပြည်တော်　　အောက်တိုဘာ　　၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သော (၆၆)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ကုလသမဂ္ဂအဖွဲ့ကြီးအား ပြီးခဲ့သည့် (၆၆)နှစ်ကာလအတွင်း ၎င်း၏ ရည်မှန်းချက်များတွင် ရရှိသည့် အောင်မြင်မှုများအတွက် လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

လွန်ခဲ့သည့် (၆၆)နှစ်က ယနေ့ကဲ့သို့ မင်္ဂလာရှိသည့်နေ့ရက်တွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်၊ နိုင်ငံအများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတိုးတက်စေရန်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာပြဿနာရပ်များကို ဖြေရှင်းရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရရှိရန်နှင့် လူ့အခွင့်အရေးကို လေးစားရန်နှင့် မြှင့်တင်ရန်ဟူသည့် မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂပဋိညာဉ် စတင်အသက်ဝင်ခဲ့ပါသည်။

ယနေ့ မျက်မှောက်ကာလတွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးဖြစ်သည့် နိုင်ငံပေါင်း (၁၉၃) နိုင်ငံကို ကိုယ်စားပြုပြီး ကမ္ဘာ့အကြီးဆုံးအဖွဲ့အစည်းကြီးဖြစ်ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ရရှိရေးနှင့် ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရေးတို့တွင် ကုလသမဂ္ဂသည် နိုင်ငံများ၏ ကြိုးပမ်းချက်များအား သဟဇာတဖြစ်စေသည့် ဗဟိုဌာနတစ်ရပ်ဖြစ်လာပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

## ကမ္ဘာကြီးတွင် မကြာသေးမီကာလအတွင်း နိုင်ငံရေးအခြေအနေ အပြောင်းအလဲများကို တွေ့မြင်ခဲ့ကြရ

## မြန်မာနိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီနိုင်ငံအဖြစ် တည်ငြိမ်အေးချမ်းစွာ၊ ချောမောညင်သာစွာ ပြောင်းလဲခဲ့

## ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ အားပေးထောက်ခံမှုသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးတွင် အရေးပါ

**နေပြည်တော်　　အောက်တိုဘာ　　၂၄**

(၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ (66th ANNIVERSARY UNITED NATIONS DAY) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်အဖွဲ့နာယက ပြည်ထောင်စုသမ္မတ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



၂၅-၁၀-၂၀၁၁
(အင်္ဂါနေ့)

## ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသစ် ဖွင့်လှစ်

နိုင်ငံ၏စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးစေရေး အကောင်အထည်ဖော်ရာတွင် လျှပ်စစ်စွမ်းအားသည် အဓိကအရေးပါသည်။ နိုင်ငံအတွင်း မြစ်ချောင်းများပေါများသဖြင့် ရေအရင်းအမြစ်၊ သဘာဝစွမ်းအားအခြေအနေပေးမှုအပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများ ကြိုးပမ်းတည်ဆောက်နေသည်။

အထူးသဖြင့် ရေအရင်းအမြစ်များပြားသည့် ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းကြီးများနှင့် အခြားဒေသဆိုင်ရာ မြစ်ဝှမ်းငယ်များတွင် ရေအားလျှပ်စစ်စီမံကိန်းများကို ဖြန့်ကြက်တည်ဆောက်လျက်ရှိသည်။ စစ်တောင်းမြစ်ဝှမ်းဒေသတွင်ပင် ဇောင်းတူ၊ ရဲနွယ်၊ ခပေါင်း၊ ပသိ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ သောက်ရေခပ်(၂)၊ ရွှေကျင်နှင့် ဘောဂထစသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နေသည်။

ပဲခူးတိုင်းဒေသကြီးရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို အောက်တိုဘာ ၂၂ ရက်က ဖွင့်လှစ်လိုက်သည်။ အဆိုပါ စက်ရုံသည် ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ကျောက်နဂါးကျေးရွာအနီး၌ တည်ရှိပြီး ၂၀၀၃ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် လျှပ်စစ်စက်တပ်ဆင်အင်အား စက်လေးလုံး ၇၅ မဂ္ဂါဝပ် တပ်ဆင်ထားပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ အဆိုပါ စက်ရုံသစ် ဖွင့်လှစ်နိုင်သည့်အတွက် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးလာနိုင်သည်။ ရွှေကျင်၊ မဒေါက်ဒေသရှိ ပြည်သူများ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိလာကြမည်ဖြစ်သည်။

ယခုအခါ နိုင်ငံအတွင်း၌ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ ရုံ ဖွင့်လှစ်နိုင်ခဲ့ပြီ။ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံကိုလည်း ဖွင့်လှစ်ထားရာ ဓာတ်အားပေးစက်ရုံပေါင်း ၃၃ ရုံမှ လျှပ်စစ်စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၃၆၀ ရရှိနေပြီဖြစ်သည်။

ယနေ့ကာလတွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာပြီ။ ခေတ်မီစက်မှုလုပ်ငန်းများ တိုးတက်များပြားလာနေပြီ။ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားနှစ်စဉ်သုံးစွဲမှုပမာဏ မြင့်မားလာလျက်ရှိရာ အခြေအနေပေးသော ဒေသအလိုက် ရေအားလျှပ်စစ်စီမံကိန်းများ တစ်ခုပြီးတစ်ခု တိုးချဲ့လုပ်ကိုင်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။



တနင်္သာရီလမ်း ဘိုကုန်းရပ် မော်လမြိုင်မြို့နေ အလှူရှင် ဦးမြင့်အေး-ဒေါ်ခင်သီတာဆွေနှင့် သမီး မေပန်းရီ၊ မြတ်သဇင်မိုး (ရွှေနဂါးဆေးဆိုင်)မိသားစုမှ မော်လမြိုင်မြို့ သံဃာ့ဆေးရုံသို့ ငွေပဒေသာပင် အလှူငွေကျပ် ၁၀သိန်းကို အောက်တိုဘာ ၁၂ ရက်က သံဃာ့ဆေးရုံအုပ်ချုပ်ရေးမှူး ဦးမင်းမြင့်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
| --- | --- | --- |
| ထိုင်း (ဘတ်) | ၃၀. ၈၈၉၀ | ၀. ၀၃၂၃၇ |
| တရုတ် (ယွမ်) | ၆. ၃၇၄၄၀ | ၀. ၁၅၆၈၈ |
| အိန္ဒိယ (ရူပီး) | ၄၉. ၈၂၅၀ | ၀. ၀၂၀၀၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၃၀၂ | ၀. ၃၁၉၁၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၈၃၉ | ၀. ၇၈၈၄၀ |
| ဂျပန် (ယန်း) | ၇၆. ၁၁၈၄ | ၀. ၀၁၃၁၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၅. ၀၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၂၂၈၉ | ၁. ၃၈၃၃၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၈၇၁ | ၁. ၅၉၀၅၇ |

အင်တာနက်။

# (၆၆)နှစ်မြောက်အတွင်း ကမ္ဘာကြီးအနေဖြင့် အံ့ဩလောက်သည့် တိုးတက်မှုများဖြစ်ထွန်း လူအများအပြား တိုး၍ တိုး၍ ဒီမိုကရေစီဥပဒေစိုးမိုးမှုအောက်တွင် ငြိမ်းချမ်းမှု ခံစားနေရ

**နေပြည်တော် အောက်တိုဘာ ၂၄**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ကုလသမဂ္ဂနေ့သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

**(၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်**
**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာ**

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

မကြာမီသော ရက်များအတွင်း ကမ္ဘာ့လူသားမိသားစုအနေဖြင့် သန်းခုနစ်ထောင်မြောက် လူသားတစ်ယောက်ကို ကြိုဆိုရတော့မည် ဖြစ်ပါသည်။ ကျွန်တော်တို့၏ ကမ္ဘာကြီးက အလွန်ကျဉ်းကျပ်သိပ်သည်းနေပြီလို့ တချို့ကဆိုကြသည်။ ကျွန်တော်ကတော့ ကျွန်တော်တို့ သန်းခုနစ်ထောင်အင်အားရှိလာသည်လို့ ပြောချင်ပါသည်။ ကုလသမဂ္ဂကြီးကို မွေးဖွားခဲ့သည့် လွန်ခဲ့သည့် (၆၆)နှစ်မြောက်ကာလအတွင်း ကမ္ဘာကြီးအနေဖြင့် အံ့ဩလောက်သည့် တိုးတက်မှုများ ဖြစ်ထွန်းအောင်မြင်ခဲ့သည်ဟု ဆိုချင်ပါသည်။ ယနေ့ ကျွန်တော်တို့ သက်တမ်းရှည်ရှည် ပိုနေထိုင်ကြရသည်။ ကလေးအများစု အသက်ရှင်သန်ခွင့်ရကြသည်။ ကျွန်တော်တို့ လူအများအပြား တိုး၍ တိုး၍ ဒီမိုကရေစီ ဥပဒေစိုးမိုးမှုအောက်တွင် ငြိမ်းချမ်းမှုကို ခံစားနေကြရပြီ။

ကျွန်တော်တို့ ဒီနှစ်အတွင်း တွေ့မြင်နေရသည့် လောကပြဇာတ် အဖြစ်အပျက် တစ်ခုမှာ နေရာအနှံ့မှာ လူသားတို့သည် သူတို့၏ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများအတွက် ရပ်တည်တောင်းဆိုလာနိုင်ကြပြီး ဖြစ်သည်။ သို့သော်ငြားလည်း ဒီတိုးတက်ဖြစ်ပေါ်မှုတွေကို ခြိမ်းခြောက်နေသည်များလည်း ရှိနေပါသည်။ စီးပွားရေးအကျပ်အတည်းမှစ၍ အလုပ်လက်မဲ့ဦးရေ တိုးတက်လာခြင်း၊ မျှတညီညွတ်မှုမရှိခြင်း၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်သည်။ ကမ္ဘာတစ်ဝန်း လူအများစုသည် စိုးရိမ်ထိတ်လန့်မှုများစွာနှင့် နေထိုင်နေကြရဆဲဖြစ်ပါသည်။ လူအတော်အများက သူတို့၏ အစိုးရများ၊ ကမ္ဘာ့စီးပွားရေးအခြေအနေများသည် သူတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အစွမ်းမရှိတော့ဘူးဟု ယူဆလာကြပြီဖြစ်သည်။

ဤကဲ့သို့သော တည်ငြိမ်မှုကင်းမဲ့သည့် အချိန်အခါမှာ အဖြေတစ်ခုတည်းသာ ရှိပါသည်။ တူညီသည့် ရည်မှန်းချက်ရှိကြဖို့ဖြစ်ပါသည်။ ကမ္ဘာ့အဆင့် ပြဿနာရပ်များကို ကမ္ဘာ့အဆင့်ဖြေရှင်းချက်များဖြင့်သာ ဖြေရှင်းနိုင်ပါမည်။ ဒီပြဿနာတွေကို နိုင်ငံများအားလုံး ကမ္ဘာ့လူသားများအတွက် စည်းလုံးညီညွတ်စွာ ရပ်တည်ရေးကို တွန်းအားပေးနေကြသည်။ ဒါဟာ ကုလသမဂ္ဂအဖွဲ့ကြီး၏ တာဝန်ပဲ ဖြစ်ပါသည်။ ပို၍ ကောင်းမွန်သည့် ကမ္ဘာကြီး တည်ဆောက်ရန်၊ မည်သူမျှ ချန်လှပ်ထားခြင်းမခံရစေရန်၊ အဆင်းရဲဆုံး၊ အားအနွဲ့ဆုံးသူများအတွက် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လူမှုဘဝတရားမျှတရေးတို့ ခံစားရရှိရေးကို ရပ်တည်ပေးရန်၊

ယခုကဲ့သို့သော နေ့ထူးနေ့မြတ်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုကြပါစို့-

- ကုလသမဂ္ဂအဖွဲ့ကြီးကို ကျွန်ုပ်တို့ အလိုအပ်ဆုံးအချိန်ဖြစ်သည်။
- ကျွန်ုပ်တို့၏ ပေါင်းစပ်ယှက်နွယ်ဆက်သွယ်မှုများ ရှိနေသည့် ကမ္ဘာကြီးတွင် ကျွန်တော်တို့အနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အများအကျိုးဖော်ဆောင်ပေးနိုင်သည့်အခြေအနေများ ရှိသကဲ့သို့ စုပေါင်းအကျိုးခံစားနိုင်သည့် အခြေအနေများလည်း ရှိနေပါသည်။
- ကမ္ဘာ့လူသားများအားလုံး၏ ကောင်းကျိုးအတွက် သန်းခုနစ်ထောင်အားဖြင့် စည်းလုံးညီညွတ်မှုပြကြပါစို့။

## ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် မြန်မာ့သစ်တော သီတင်းပတ်အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် မြန်မာ့သစ်တောသီတင်းပတ် အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ရွှေတောင်မြို့ အထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်မြထွေးစိန်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်က မြို့ရွာများ သန့်ရှင်းသာယာရေး၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်သစ်တောဦးစီးမှူး ဦးစည်သူလင်းက မြန်မာ့သစ်တောရေးရာများနှင့် မြို့နယ်ပညာရေးမှူးဦးစိုးမြင့်က သစ်တောကဏ္ဍနှင့် မြန်မာ့ပညာရေး အကြောင်းတို့ကို ဟောပြောကြသည်။

ထို့နောက် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် မြန်မာ့သစ်တော သီတင်းပတ် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ပိုက်မိခန်းမ၌ စက်တင်ဘာ ၁၁ ရက်က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဟောပြောပွဲကျင်းပစဉ်။ (၁၈၂)

## စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်းတိုက်၌ (၆၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း စသော လှူဖွယ်ပစ္စည်းများကို စုပေါင်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၅-၁၀-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄:၀၄ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၅ ၅။ မြန်မာ့ရှုခင်း
၄:၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၄၅ ၇။ အင်္ဂလိပ်စာသုတ
၄:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၄၈)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ Guide For You
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ သီချင်းလက်ဆောင်
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၃)**
၂၅။ Mini Series

**ဒေါပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက် (၇၅) နှစ်အထက် အဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၆ ရက်က ရုံးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဗိုလ်ကြီး မြသောင်(ငြိမ်း)က အသက် (၇၅)နှစ်အထက် အဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်စဉ်။** (၆၄၉)



# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Koichiro Gemba ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ပြီး အောက်တိုဘာ ၂၂ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးခင်မောင်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းတို့ လိုက်ပါလျက် ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ Chief Cabinet Secretary H. E. Mr. Osamu Fujimura အား သွားရောက် တွေ့ဆုံခဲ့သည်။ ညနေ ၄ နာရီခွဲတွင် ဂျပန်အထက်လွှတ်တော် အဆောက်အအုံသို့သွားရောက်၍ အထက်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ Mr. Hidehisa Otsuji အား သွားရောက်တွေ့ဆုံခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် တိုကျိုမြို့ရှိ နယူးအိုတာနီ ဟိုတယ်၌ ဂျပန်စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း (NISSHO) ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် နံနက်စာ စားပွဲနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ထို့နောက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် Capitol Hotel သို့ သွားရောက်၍ ဂျပန်ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်များအဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိပ္ပွန်ဖောင်ဒေးရှင်းရုံးသို့ သွားရောက်၍ ဥက္ကဋ္ဌ ရိုဟဲအိဆာ ဆာကာဝါနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား မွန်းလွဲ ၂ နာရီတွင် ခေတ္တတည်းခိုရာ နယူးအိုတာနီ ဟိုတယ်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ Nippon Business Federation (Keidanren) မှ Policy Sub-Committee ဥက္ကဋ္ဌ မစ္စတာ ဖူဂျီနိုတာကာရှိက လာရောက်တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီတွင် ဂျပန် အောက်လွှတ်တော်ရုံးသို့ သွားရောက်၍ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ဆေရှိရှိုအိတိုအား သွားရောက်တွေ့ဆုံခဲ့ပြီး ညပိုင်းတွင် ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနပိုင် Ikura House သို့ သွားရောက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H .E. Mr. Koichiro Gemba နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Koichiro Gemba က တိုကျိုမြို့ရှိ Ikura House ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံခဲ့သည်။ (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Koichiro Gemba တို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၄**

ကမ္ဘောဒီးယားနိုင်ငံတွင် လတ်တလောဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟော်နမ်ဟောင် ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် မအူပင်ခရိုင် ငွေစုငွေချေးအသင်းအဖွဲ့များ မတည်ငွေပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၄**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ကော်မတီ၏ ငွေစုငွေချေးအသင်းများနှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များအား မတည်ငွေပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ရာ ရှေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက မအူပင်ခရိုင်အတွင်း ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ကော်မတီဝင် မြို့နယ်သမဝါယမ ဦးစီးဌာနမှူးက မအူပင်မြို့နယ်အတွင်း ငွေစုငွေချေး အသင်းများ ဖွဲ့စည်းတည်ထောင်ထားရှိမှုများ၊ မတည်ငွေလိုအပ်ချက်များနှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းက ဧရာဝတီ ဘဏ်လီမိတက်မှ မတည်ပေးသည့် ပျံလွှားဈေး ငွေစုငွေချေးအသင်းအတွက် မတည်ငွေကျပ် သိန်း ၉၀၊ သစ္စာဝန်ဆောင်မှု ငွေစုငွေချေးအသင်းအတွက် မတည်ငွေကျပ် သိန်း ၁၅၀၊ ဧရာဝန်ဆောင်မှု ငွေစုငွေချေး အသင်းအတွက် မတည် ငွေကျပ်သိန်း ၁၅၀ တို့ကို အသင်းသားများအား ပေးအပ်သည်။

ထို့နောက် မအူပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းက မြို့ပေါ်ရပ်ကွက်သုံးခု၊ ကျေးရွာ ၁၂ ရွာတို့မှ အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းများထံ စုစုပေါင်း မတည် ငွေကျပ် ၂၈၉ သိန်းကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခန်းမအတွင်း ပျံလွှားဈေး ငွေစုငွေချေးအသင်း၊ သစ္စာဝန်ဆောင်မှု ငွေစုငွေချေးအသင်း၊ ဧရာဝန်ဆောင်မှု ငွေစုငွေချေးအသင်းနှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းများမှ အသင်းသားများသို့ ချေးငွေများ ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ္စာ (အနေ့ယာဉ်) ဝန်ဆောင်မှု ငွေစုငွေချေးအသင်း၏ မတည်ငွေဖြင့် ကိုယ်ပိုင်အနေ့ယာဉ် ဆိုက်ကားများ ရရှိကြသည့် အသင်းသားများအား တွေ့ဆုံအားပေးပြီး ဧရာဝန်ဆောင်မှု ငွေစုငွေချေးအသင်း၏ မတည်ငွေဖြင့် ကိုယ်ပိုင် မော်တော်ယာဉ်ငယ်များဖြင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ကြမည့် အသင်းသားများနှင့် မော်တော်ယာဉ်ငယ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲ ဆောက်လုပ်ရေးဒုတိယဝန်ကြီး တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ယနေ့နံနက် ၈ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ကျင်းပသည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ၊ ဒုတိယဦးစီးမှူး (ဥပဒေ၊ ဥယျာဉ်၊ မြေ၊ အိမ်ရာ)၊ ကွန်ပျူတာစိစစ်ရေးမှူး၊ ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ အခြေခံ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးအဆင့် သင်တန်းသား၊ သင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## တွေ့ဆုံအားပေး

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် သစ္စာ(အနေ့ယာဉ်) ဝန်ဆောင်မှု ငွေစုငွေချေးအသင်း၏ မတည်ငွေဖြင့် ကိုယ်ပိုင်အနေ့ယာဉ်ဆိုက်ကားများ ရရှိကြသည့် အသင်းသားများအား တွေ့ဆုံအားပေးစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ တိုက်(၅)နေ ဦးမြင့်သိန်း-ဒေါ်အုန်းရီ၊ သမီး ဒေါက်တာရီမြင့်ထွေး- ဒေါက်တာအောင်မြင့်ကြည် (ခေတ္တUK) မိသားစုက ဒေါက်တာရီမြင့်ထွေး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေသင်္ကန်းကပ်လှူရန် ရွှေစင်ရွှေသား တစ်ကျပ်သားအတွက် ငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ပဥ္စမအကြိမ် သီတင်းကျွတ် သက်ကြီးပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၂ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၌ ကျင်းပစဉ်။** (ကြေးမုံ)

## အင်းစိန်-မြို့သစ် (ဂ)ရပ်ကွက် ဆွမ်းသိမ်းလောင်းလှူပွဲများ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက်အတွင်းရှိ ဆွမ်းလောင်းအသင်းများ၏ ဆွမ်းသိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ နံနက်မှစတင်၍ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သီလရှင်စာသင်တိုက်တစ်ကျောင်း၊ ဆက်စပ်ရပ်ကွက်ဖြစ်သော မြို့သစ်(က+ခ) ရပ်ကွက်ဘုန်းကြီးကျောင်းများနှင့် စာသင်တိုက်များမှ ရဟန်းသံဃာ၊ သီလရှင် ၂၅၂ ပါးတို့ကို ရပ်ကွက် ဆွမ်းလောင်းနေရာများဖြစ်သည့် ဇေယျာသီရိမ္မာရုံ ရွှေဝါ(၁)လမ်း၊ အင်ကြင်းလမ်းမ၊ ပိတောက်(၁/၂) လမ်း၊ ဇောတိက၊ ဝိသာခါမ္မာရုံများ၌ ဆွမ်း၊ ဟင်းများ လောင်းလှူခဲ့ကြသည်။

ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းသိမ်းလောင်းလှူပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဦးဆောင်၍ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ လူမှုရေးအဖွဲ့များ၊ ဘာသာရေး စိတ်ဝင်စားသူများ ပူးပေါင်း၍ ဆွမ်းသိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

❖ **ကျောဖုံးမှ**

သမဝါယမအသင်းများအား ပြည်ပသို့တင်ပို့ခွင့်မပြုသည့် ကုန်ပစ္စည်းများစာရင်းတွင် ဆီကြိတ်ဖတ်အားလုံးနှင့် ပုစွန်ဖွဲတို့ပါဝင်ပါကြောင်း၊ ဆီကြိတ်ဖတ်များနှင့် ပုစွန်ဖွဲများသည် ပရိုတိန်းဓာတ်ပါဝင်မှုမြင့်မားသော တိရစ္ဆာန်အစာများဖြစ်သည့်အတွက် အသားတိုးထုတ်လုပ်သည့်မွေးမြူရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သော တိရစ္ဆာန်အစာများဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာမှုတို့ကြောင့် ပြည်တွင်းစားသုံးမှုကဏ္ဍတွင်အသား၊ ငါးများစားသုံးမှု တိုးတက်လာမှုအခြေအနေအရလည်းကောင်း၊ အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၏ သားငါးစားနပ်ရိက္ခာ လိုအပ်ချက်အခြေအနေအရလည်းကောင်း၊ မြန်မာနိုင်ငံက အသားနှင့် ငါး ပြည်ပတင်ပို့မှု ဈေးကွက်တိုးချဲ့ပြီး ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန် အားပေးကြိုးပမ်းထုတ်လုပ်ရမည့် အခြေအနေဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ချမှတ်ကျင့်သုံးလျက်ရှိသည့် ပို့ကုန်အခြေခံမူမှာ "မိမိ၏သဘာဝသယံဇာတနှင့် လူ့အရင်းအမြစ်ကို အကျိုးရှိစွာအသုံးချလျက် ပြည်ပဈေးကွက်သို့ တိုးချဲ့ထိုးဖောက် ဝင်ရောက်ရန်နှင့် သမားရိုးကျ ပို့ကုန်ပစ္စည်းများအပြင် တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများကို တိုးချဲ့တင်ပို့ရေးကြိုးပမ်းရန်"ဟု ချမှတ်ဆောင်ရွက်နေပါကြောင်း၊ တိရစ္ဆာန်အစားအစာ၊ ဆီကြိတ်ဖတ်များကို ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းထက် တိရစ္ဆာန်အစာများကို ပြည်တွင်းမွေးမြူရေးလုပ်ငန်းတွင် ထိထိရောက်ရောက်အသုံးချပြီး အသားငါးထုတ်လုပ်မှုတိုးမြှင့်ကာ ပြည်တွင်းဈေးကွက်ပိုလျှံသမျှသားငါးများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ပိုမိုအကျိုးရှိရှိအသုံးချနိုင်မည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း။

**ယခုအခါ နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင်ဆောင်ရွက်သွားမည်ဟု ရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိရာ မိမိထုတ်လုပ်သော လယ်ယာထွက်ကုန်များပိုလျှံပြီး ပြည်ပဝယ်လိုအားရှိ၍ တင်ပို့နိုင်ခဲ့သကဲ့သို့ အချို့သောနှစ်များ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက် ဆုတ်ယုတ်သည့်အခြေအနေမျိုးတွင်လည်း ပြည်တွင်းလိုအပ်ချက်အရ ပဲဖတ်၊ နှမ်းဖတ်များ ပြည်ပမှတင်သွင်းခဲ့ရခြင်းများလည်း ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ဆီကြိတ်ဖတ်အပါအဝင် တိရစ္ဆာန်အစားအစာများကို ပြည်ပသို့တင်ပို့စေခြင်း၊ ပြည်ပမှတင်သွင်းစေခြင်းများကို ပုံသေမူဝါဒချမှတ်ဆောင်ရွက်ခြင်းထက် စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ၏အကျိုး၊ ကြိတ်ခွဲထုတ်လုပ်သူဆီစက်၊ ဆန်စက်ပိုင်ရှင်များ၏ အကျိုး၊ ငါး ပုစွန် မွေးမြူထုတ်လုပ်သူများ၏အကျိုးတို့အပြင် နှစ်စဉ်ပြည်တွင်းထုတ်လုပ်နိုင်မှု၊ ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်တို့ကို ဘက်ပေါင်းစုံ ထည့်သွင်းတွက်ချက်၍ သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း။**

**ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ပမှစားအုန်းဆီတင်သွင်းခြင်းဖြင့် ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိရန်နှင့် ပြည်တွင်းစားသုံးဆီဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ စားအုန်းဆီတင်သွင်းမှုသည် လွန်ခဲ့သောနှစ်များကာလအတွင်း တစ်နှစ်တင်သွင်းခဲ့သည့် ပျမ်းမျှပမာဏကို တွက်ချက်ပြီး ပြည်ပမှတင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ စားအုန်းဆီတင်သွင်းရာတွင်လည်း အရည်အသွေးနှင့် ပြည်တွင်းဖြန့်ဖြူးရောင်းချသော ဈေးနှုန်းများကို အကောင်းဆုံးနှင့်အသက်သာဆုံးဖြစ်အောင် ညှိနှိုင်းစီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဧပြီမှ စက်တင်ဘာ ၂၀ ရက်အထိ (၆)လခန့်ကာလအတွင်း ပြည်ပမှတင်သွင်းခဲ့မှု ပမာဏအနေဖြင့် (၁၂၃၄၁၄)မက်ထရစ်တန်ဖြစ်ရာ တစ်လပျမ်းမျှ (၂၁၇၀၀) တန်ခန့် ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် ပြည်ပမှတင်သွင်းဖြန့်ဖြူးရောင်းချသော စားအုန်းဆီ လက်လီဈေးကွက်တွင် ဈေးနှုန်းကျဆင်းတည်ငြိမ်လာပြီးနောက် ပြည်သူလူထုစားသုံးရာတွင် ကျန်းမာရေးနှင့် ပိုမိုညီညွတ်သည့်အရည်အသွေးမြင့် စားအုန်းဆီကိုသာ တင်သွင်းရောင်းချရန် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ပြည်ပပို့ကုန် လယ်ယာထွက်ကုန်သီးနှံများ၏ အခြေအနေကိုတင်ပြရလျှင် ပဲမျိုးစုံ တင်ပို့မှုသည် ဈေးကွက်အကန့်အသတ်ရှိနေခြင်းကြောင့် ပို့ကုန်ပဲမျိုးစုံ၏ဈေးနှုန်း ကောင်းမွန်တည်ငြိမ်မှုရှိစေပြီး ရောင်းသူဈေးကွက် ဖန်တီးနိုင်ရန်လည်း အရေးကြီးပါကြောင်း၊ လယ်ယာထွက်ကုန်သီးနှံအချို့ ပြည်ပဈေးကွက် အကန့်အသတ်ဖြင့် ရွေးချယ်ဝယ်ယူမှုများနှင့် ရင်ဆိုင်ရသည့်အခါ ပို့ကုန်လုပ်ငန်းရှင်များအရှုံးပေါ်ခြင်းမှ တစ်ဆင့် တောင်သူများ ထုတ်လုပ်မှုစရိတ်မကာမိသည့် ဈေးနှုန်းများအထိ ကျဆင်းခဲ့ရသည်များ ရှိနေပါကြောင်း၊ ထို့ကြောင့် လယ်ယာထွက်ကုန်သီးနှံစုံ ပြည်ပဈေးကွက်ရှာဖွေတင်ပို့ရေးသည် လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုတွင် တစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်း အခြေအနေကိုသာမက အပြည်ပြည်ဆိုင်ရာနယ်ပယ်အထိ ကုန်သွယ်ဆက်ဆံမှုကို လိုက်လျောညီထွေဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများ၌ စားသုံးဆီများသည် အဓိကနေရာတွင် ရှိလာနိုင်သည့် အခြေအနေလည်းရှိနေပါကြောင်း၊ ထို့ကြောင့် ဈေးကွက်ချိတ်ဆက်မှုသဘောများအရလည်း ကြိုတင်မျှော်တွေးဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

**ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ အကျိုးထိခိုက်မှုများ ကြီးကြီးမားမားဖြစ်ပေါ်လာလျှင် ကာကွယ်တားဆီးနိုင်မည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းသဘောတူညီချက်များကို လိုအပ်ပါကအသုံးချကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက်လည်းကောင်း၊ ပြည်တွင်း၌ ကြိတ်ခွဲထုတ်လုပ်သော ဆီစက်များအတွက် လည်းကောင်း၊ ဆီစက်လုပ်သားများ ပုံမှန်အလုပ်ရရှိရေးအတွက် လည်းကောင်း၊ တိရစ္ဆာန်အစားအစာအတွက် ပေါများခြင်းအကျိုးကို လည်းကောင်း၊ စားသုံးသူလူထုအတွက် ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် စားသုံးနိုင်ခြင်းအကျိုးများရရှိနိုင်ရေးအတွက် လည်းကောင်း စနစ်တကျစိစစ်တွက်ချက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တစ်ဖက်ကလည်း ပြည်ပမှစားအုန်းဆီများတင်သွင်းခြင်းကို စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၇)ခုကို မေးမြန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏ **အစားအစာနှင့် ဆေးဝါးများကြီးကြပ်ရေးဌာနမှ မြို့နယ်တိုင်းသို့ ပုံမှန်ကွင်းဆင်းစစ်ဆေးရန် အခက်အခဲရှိမည်ဟု ထင်မြင်ပါသဖြင့် မြို့နယ်တိုင်းတွင် ပညာရှင်များ၊ မြို့မိမြို့ဖများပါဝင်ဖွဲ့စည်းထားသည့် F.D.A အဖွဲ့ငယ်မျိုး ဖွဲ့စည်းသွားနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ စက်ရုံများမှထုတ်လုပ်သော အစားအသောက်နှင့် ပြင်ပနိုင်ငံများမှ တရားဝင်လမ်းကြောင်းမှတင်သွင်းသော အစားအသောက်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှစစ်ဆေးပြီးသော အစားအသောက်များ ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဈေးကွက်ရှိအစားအသောက်နှင့် ဆေးဝါးများကို နမူနာကောက်ယူပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ဓာတ်ခွဲခန်းများတွင် ပုံမှန်စစ်ဆေးပြီး အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ စစ်ဆေးတွေ့ရှိသော စားသုံးသူများအတွက်အန္တရာယ်ရှိနိုင်သည့် အစားအသောက်များနှင့် ဆေးဝါးများကို အများပြည်သူများသိရှိနိုင်ရန် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည့် သတင်းမီဒီယာများမှတစ်ဆင့် အသိပေးကြေညာပေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များသို့ အစားအသောက်များနှင့် ဆေးဝါးများ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**ယခုကဲ့သို့ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(၄)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၂)ဖြင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အဆင့်ဆင့်အား(က)ဗဟို၊ (ခ)တိုင်းဒေသကြီး/ပြည်နယ်၊ (ဂ)ခရိုင်နှင့် (ဃ)မြို့နယ်အဆင့်တို့တွင်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကိုသတ်မှတ်ပေးခဲ့ပါကြောင်း၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ရှိ ဆေးဝါးကျွမ်းကျင်သူ သို့မဟုတ် လက်ထောက်ကျန်းမာရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဥက္ကဋ္ဌကတာဝန်ပေးသည့် ကျန်းမာရေးအရာရှိ သို့မဟုတ် လက်ထောက်ကျန်းမာရေးမှူးတစ်ဦးက အတွင်းရေးမှူးအဖြစ်ပါဝင်ကာ မြို့နယ်တိုင်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၏ **ချင်းပြည်နယ် တီးတိန်၊ ဖလမ်း၊ မင်းတပ်၊ တွန်းဇံ၊ မတူပီ၊ ကန်ပက်လက်နှင့် ပလက်ဝ စသည့်မြို့နယ်အသီးသီးရှိ တိုက်နယ်ဆေးရုံများတွင် ဆရာဝန်များခန့်အပ်ချထားပေးရန်၊ ထန်တလန်မြို့နယ်ရှိ(၂၅) ခုတင်ဆံ့ ဆေးရုံကို ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်သို့ တိုးချဲ့ပေးရန်၊ ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ကြမည့်ဆေးဝန်ထမ်းနှင့် ဆရာဝန်များအား သက်ဆိုင်ရာပြည်နယ်ဝန်ကြီးဌာနများမှ အထူးဂုဏ်ပြုခြင်း၊ ခန့်ထားခြင်း၊ ရွှေ့ပြောင်းခြင်းများကို ပြုလုပ်ခွင့်ရရန်တို့ကို ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ဟားခါး ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး(၁)ဦး၊ အထူးကုဆရာဝန်ကြီး(သားဖွား၊ မီးယပ်)(၁)ဦး၊ အထူးကုဆရာဝန်(သားဖွား၊ မီးယပ်)(၁)ဦး၊ လက်ထောက်ဆရာဝန်(ခွဲစိတ်)(၁)ဦး၊ လက်ထောက်ဆရာဝန် (မေ့ဆေး)(၁)ဦး၊ လက်ထောက်ဆရာဝန်(အရိုး)(၁)ဦး၊ လက်ထောက်ဆရာဝန် (မျက်စိ)(၁)ဦး၊ လက်ထောက်ဆရာဝန်(နား၊ နှာခေါင်း၊ လည်ချောင်း)(၁)ဦးနှင့် လက်ထောက် ဆရာဝန်(၉)ဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ထောက်ဆရာဝန်(ဆေးပညာ)(၁)ဦးနှင့် လက်ထောက်ဆရာဝန်(ကလေး)(၁)ဦးတို့အား ပြောင်းရွှေ့ တာဝန်ချထားပြီးဖြစ်ပါကြောင်း။

ဟားခါးမြို့နယ် ဆူရ်ခွားတိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန်(၁)ဦး၊ ဖလမ်းမြို့နယ် လုမ်ဘန်းတိုက်နယ်ဆေးရုံတွင် တာဝန်ခံဆရာဝန်(၁)ဦး၊ တီးတိန်မြို့နယ် ထုတ်လိုင်တိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန် (၁)ဦး၊ မင်းတပ်မြို့နယ် ဝမ္မသူးတိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန်(၁)ဦးနှင့် ကန်ပက်လက်မြို့နယ် ကျင်ဒွေးတိုက်နယ်ဆေးရုံတွင်တိုက်နယ်ဆရာဝန်(၁)ဦး ပြောင်းရွှေ့တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်ရှိ ဆေးရုံကြီးများနှင့် တိုက်နယ်ဆေးရုံတို့တွင် လုပ်ငန်းလိုအပ်ချက်အရ အထူးကုဆရာဝန်များနှင့် တိုက်နယ်ဆရာဝန်တို့ကို ဦးစားပေးခန့်ထားပေးမည် ဖြစ်ပါကြောင်း။



ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြည်မေးမြန်းစဉ်။ (သတင်းစဉ်)

**ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ချင်းပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်များအား တစ်ဆင့်မြှင့်ရာထူးသို့ တိုးမြှင့်ခန့်ထား၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းနှင့် ချင်းပြည်နယ်တွင် (၁)နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးလျှင် တာဝန်ကျဆရာဝန်၏ ပြောင်းရွှေ့လိုသောရာထူး၊ ဌာနသို့ ဦးစားပေး ပြောင်းရွှေ့ခြင်းတို့ကို အထူးကိစ္စရပ်အနေဖြင့် ဂုဏ်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်၏ **ပင်းတယမြို့နယ်ဆေးရုံတွင် လက်ထောက်ဆရာဝန်(၄)ဦး၊ လက်ထောက် သွားဆရာဝန်(၁)ဦး၊ ဓာတ်ခွဲကျွမ်းကျင်(၃) (၁)ဦး လိုအပ်နေပါသဖြင့် ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် ပင်းတယမြို့ ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး(၁)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး (၂၅)ခုတင်ဆံ့ဆေးရုံနှင့် လိုက်လျောညီထွေသော လိုအပ်သည့်ဆရာဝန်များအား ယခုနှစ်မကုန်မီ ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ လက်ထောက်ဆရာဝန်(၁)ဦးအား ယခုလအတွင်း ခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ **လိုအပ်သော ကျန်းမာရေးဆရာမများခန့်ထားရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆေးရုံအဆောက်အအုံများကိုလည်း(၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်နှင့် ကိုက်ညီအောင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **ပဲခူးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှု နိမ့်ကျလျက်ရှိနေသော ကျောက်ကြီးမြို့နယ်အတွက် တိုးမြှင့်ခွင့်ရရှိပြီးဖြစ်သည့် ခုတင်(၅၀)ဆံ့ဆေးရုံနှင့် လိုအပ်ချက်များအားအဆင့်မြှင့်တင် အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်သည် စတုဂံနယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ရန် သတ်မှတ်ထားသောနယ်မြေ(၆)ခုတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ထိုသတ်မှတ်ချက်အရ ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဆင့်မှ ခုတင်(၅၀) ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပါရန်တင်ပြချက်အပေါ် ဆရာဝန်(၇)ဦး၊ လက်ထောက်ဆရာဝန် (သွား)(၁)ဦး၊ သူနာပြုဆရာမ(၂၃)ဦးပါဝင်သော စုစုပေါင်းဝန်ထမ်းအင်အား (၈၁)ဦးနှင့် ခုတင်(၅၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံဖြင့် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

**လက်ရှိအခြေအနေအရ ကျောက်ကြီးမြို့နယ်တွင် ခုတင်(၅၀)ဆံ့မြို့နယ်ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ မုန်းတိုက်နယ်ဆေးရုံ၊ (၁၆)ခုတင်ဆံ့ နတ်သံကွင်းတိုက်နယ်ဆေးရုံ(၁)ရုံ စုစုပေါင်းဆေးရုံ(၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၇)ခုတို့ဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်းနှင့် ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး**



ကျန်းမာရေးဝန်ကြီး ဌာန ပြည် ထောင် စု ဝန် ကြီး ဒေါက် တာ ဖေ သက် ခင် မေး မြန်း ချက် များကို ပြန် လည် ဖြေ ကြား စဉ်။ (သတင်းစဉ်)

**(၁)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး လစ်လပ်လျက်ရှိသည့် လက်ထောက်ဆရာဝန်(၁)ဦးအား လက်ထောက်ဆရာဝန်(သစ်လွင်)များ ခန့်ထားသည့်အခါ ဖြည့်ဆည်းခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်၏ **ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ဆေးရုံအား (၁၆)ခုတင်အဆင့်မှ (၂၅)ခုတင် အဆင့်သို့ တိုးမြှင့်ခဲ့ပြီးဖြစ်သဖြင့် (၂၅)ခုတင်အဆင့်ဆေးရုံနှင့် လျော်ညီသော အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများအသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဆေးရုံများအား လုပ်ငန်းလိုအပ်ချက်အရ ခုတင်အဆင့်တိုးမြှင့်ခြင်း၊ **အထူးကုဌာနများ ဖွင့်လှစ်ခြင်းနှင့် ဆေးရုံများတွင်စံကိုက်ဖွဲ့စည်းပုံဝန်ထမ်းအင်အားရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ရာတွင် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေဖြင့်တည်ဆောက်ပေးလျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **ဝမ်းတွင်းပြည်သူ့ဆေးရုံကို(၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဝမ်းတွင်းမြို့နယ်အတွင်း (၂၅)ခုတင်ဆံ့ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ ပင်းတလဲတိုက်နယ်ဆေးရုံ(၁)ရုံ၊ နေပူကုန်းတိုက်နယ်ဆေးရုံ(၁)ရုံ စုစုပေါင်းဆေးရုံ(၃)ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဝမ်းတွင်းမြို့နယ်အတွင်း(၂၅)ခုတင်ဆံ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(၁)ဦး၊ လက်ထောက်ဆရာဝန်(၁)ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်(၁)ဦး၊ အထက်တန်းသူနာပြု(၅)ဦး၊ သူနာပြု(၁၀)ဦးအပါအဝင် ဝန်ထမ်းအင်အားစုစုပေါင်း(၅၅)ဦးပါဝင်သော ဖွဲ့စည်းပုံဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဝမ်းတွင်းမြို့နယ်ဆေးရုံအား(၁၆)ခုတင်ဆံ့မှ (၂၅)ခုတင်ဆံ့သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဝမ်းတွင်းမြို့နယ်ဆေးရုံအား (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အဆိုပြုတင်ပြထားခြင်းမရှိသေးပါကြောင်းနှင့် လိုအပ်ချက်အားအဆိုပြုတင်ပြပါက ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့တင်ပြပြီး အဆင့်တိုးမြှင့်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး၏ **တနင်္သာရီမြို့တွင်(၂၅)ခုတင်ဆံ့ဆေးရုံ(၁)ရုံ တည်ရှိပြီး ၁၈-၇-၂၀၀၂ ရက်မှစ၍ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးခဲ့သော်လည်း ခုတင်(၅၀)ဆံ့နှင့်ညီသော အဆောက်အအုံလိုအပ်နေပါသဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့အဆင့်သို့ အဆင့်တိုးမြှင့်ခဲ့သည်မှာ မှန်သော်လည်း လွန်ခဲ့သော(၆)လအတွင်း နေ့စဉ်ပျမ်းမျှ အတွင်းလူနာ(၅)ဦးသာရှိပြီး ခုတင်အသုံးချမှုမှာ ဆေးရုံဆိုင်ရာ စာရင်းဇယားပြန်တမ်းများအရ ၂၀၁၀ ပြည့်နှစ်တွင် (၂၂ ဒသမ ၄)ရာခိုင်နှုန်းသာရှိသဖြင့် လတ်တလောတွင် ဆေးရုံ အဆောက်အအုံ တိုးချဲ့တည်ဆောက်ပေးရန် အရေးတကြီးမလိုအပ်သေးပါကြောင်းနှင့်နောင်တွင် ဆေးရုံတက်ရောက်ကုသသည့် အတွင်းလူနာအခြေအနေ တိုးတက်များပြားလာပါက လိုအပ်ချက်အပေါ် မူတည်၍ သင့်လျော်သည့်အချိန်တွင် နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေအရ ဦးစားပေးစနစ်ဖြင့် လူနာဆောင်အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပြဋ္ဌာန်းထားသည့် ဥပဒေအရပြုစုပြီး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ပေးပို့လာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများစာအုပ်ကို ဩဂုတ် ၁၅ ရက်တွင် လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများစာအုပ်ကို ဩဂုတ်(၂၈)ရက်တွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့် အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၁)နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၁)တို့ကို အောက်တိုဘာ(၂၀)ရက်တွင် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ကြောင်း။

**အဆိုပါနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်အတွက် ဖြန့်ဝေသည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်ပြီး ယင်းသို့ အဆိုတင်သွင်းခြင်းမရှိပါက အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သတ်မှတ်ကာလအတွင်း လွှတ်တော်၌တင်သွင်းရမည်ဖြစ်သည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေထားသော နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများကို လေ့လာပြီး ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အဆိုတင်သွင်းလိုပါက အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတိတိကျကျဖော်ပြ၍ အောက်တိုဘာ ၂၇ ရက် နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း** သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး ရက်(၄၀)မြောက်နေ့ကို နံနက် ၁၁ နာရီ မိနစ် ၄၀တွင် ရပ်နားပြီး အစည်းအဝေး(၄၁)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

**ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်**"ဟု ပြဋ္ဌာန်းထားပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၄၀ တွင် **"နိုင်ငံတော်သမ္မတသည် တည်ဆဲအခြား တရားဥပဒေနှင့် ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ကျွန်းမြေ၊ ကျေးရွာ လယ်ယာဘုံမြေ (Village Communal Land)နှင့် နိုင်ငံတော်ကအလိုရှိသည့် အတိုင်းသုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲစေနိုင်သည်။ နိုင်ငံတော်သမ္မတကသော် လည်းကောင်း၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတကခန့်အပ်သော အာဏာပိုင်ကသော် လည်းကောင်း၊ အခြားနည်းအမိန့်ဆင့်ဆိုသည်မှတစ်ပါး ကျွဲ၊ နွားစားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေဘဲ ဆက်လက်ထားရှိရမည်**"ဟု ပြဋ္ဌာန်းထားပါကြောင်း။

ယခင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၏ ၃၀-၁၂-၁၉၈၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၂/၈၈ ဖြင့် လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ရာ၌လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ကျွဲနွားစားကျက်မြေများ၊ ကျွဲနွားလမ်းများနှင့် ရွာဘုံမြေများ မပျက်စီးစေရန် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ခွင့်ကို အပ်နှင်းထားသကဲ့သို့ မြို့နယ်အဆင့်တွင်လည်း ရွာဘုံမြေထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ပိုင်ခွင့်ကို အပ်နှင်းထားပါကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တွင် ကျွဲနွားစားကျက်မြေနှင့် ရွာဘုံမြေများထိန်းသိမ်းခြင်း လုပ်ပိုင်ခွင့်ကို အပ်နှင်းထားပါကြောင်း။

၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒထုတ်ပြန်ပြီး သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက် ဖြည့်ဆည်းပေးရေးတို့ကိုလည်း ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်နေပြည်သူများသည် မိမိ အိမ်ထောင်စုသုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးအတွက် လိုအပ်သည့်သစ်တောထွက်ပစ္စည်းများကို ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများမှ ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ၊ နည်းဥပဒေတို့အရ အရေအတွက်သတ်မှတ်၍ ထုတ်ယူခွင့်ပြုလျက်ရှိပါကြောင်း။

လက်ရှိကာလ၌ ကျေးလက်ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ပတ်ဝန်းကျင်အခြေအနေကောင်းများကို ရေရှည်ရရှိခံစားနိုင်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

**ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်လုပ်ကိုင်ခွင့်ကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်နေပြည်သူများ၏ ထင်းလောင်စာ၊ နေအိမ်သုံး၊ လယ်ယာလုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး၊ သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းရေးနှင့် ဝေးလံသည့်တောတောင်များသို့ သွားရောက်ခုတ်ယူ သယ်ဆောင်ရန်မလိုအပ်ဘဲ မိမိတို့နေအိမ်၊ ကျေးရွာဝန်းကျင်မှ အလွယ်တကူ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏ အစီအမံဖြင့် တစ်အိမ်ထောင်လျှင် ကျွန်း(၃)ပင်၊ သစ်မာအပင်(၂၀)နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင် ထင်းစိုက်ခင်းများကို ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ်စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် အသေးစား သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်ယူလိုပါက နိုင်ငံတော်သို့ သတ်မှတ် ထားသည့် အခွန်ငွေပေးဆောင်စေပြီး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

**အမျိုးသားသစ်တောကဏ္ဍ နှစ်(၃၀)ပင်မစီမံကိန်းတွင် သစ်တောဥပဒေ၊ နည်းဥပဒေများနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်များအရ ကျေးလက်နေပြည်သူများအား သစ်တောများအတွင်းမှ သစ်တောထွက်ပစ္စည်းများကို ကိုယ်ပိုင်သုံးစွဲခြင်းနှင့် စီးပွားဖြစ်ထုတ်ယူခြင်းတို့အတွက် တိကျပြည့်စုံစွာ ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။**

လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်က ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ ငါးမွေးမြူရေးဆိုင်ရာ ဥပဒေ၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေ၊ ရေချိုငါးလုပ်ငန်း ဥပဒေများအရ ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်ဆောင် ရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ သင့်တင့်သည့်နှုန်းထားများဖြင့် ကောက်ခံနိုင်ရန်ပြဋ္ဌာန်းထားရှိပြီး ကျေးလက်ပြည်သူများအတွက် ဒူးဖိ လက်စမ်းရှာဖွေစားသောက်သည့် ရေချိုငါးဖမ်းကိရိယာ(၁၆)မျိုး၊ ရေငန်ငါးဖမ်းကိရိယာ(၆)မျိုးကို အခွန်ဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုပြီး လွတ်လပ်စွာရှာဖွေစားသောက်ခွင့် ပြုထားပြီးဖြစ်ပါကြောင်း။

မိသားစုတစ်အိမ်ထောင် စားသုံးရန်အလို့ငှာ မြေကန်ရေပြင်အရွယ်အစား (၁၂၅၀)စတုရန်းပေ ငါးကန်တူးဖော်မွေးမြူခြင်းကို လိုင်စင်ခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပြီး ကျေးရွာသားများ လုပ်ကိုင်စားသောက်နိုင်သည့် ဘုံငါးဖမ်းကွက်များကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များက ဒေသလိုအပ်ချက်အရ စီမံခန့်ခွဲနိုင်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရသော်လည်းကောင်း၊ ပုဒ်မ ၂၅၄ အရလည်းကောင်း၊ ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေးကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများဖြစ်သည့်အတွက် အခမဲ့လုပ်ကိုင်ခွင့်ပြုရေး ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည့် ကိစ္စများသည် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်နှင့် အစိုးရအဖွဲ့တို့က စီမံခန့်ခွဲဆောင်ရွက်ရမည့်ကိစ္စများ ဖြစ်ပါကြောင်း။

**တစ်ဖက်က သဘာဝသယံဇာတများ မပြုန်းတီး မထိခိုက်အောင် ထိန်းကျောင်း၍ သက်ဆိုင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းညှိနှိုင်းပြီး တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၏ **"တွံတေးမြို့နယ် ခတ္တိယရေကျော်ချောင်းဟောင်း (၅)မိုင်နှင့် ရေတွင်းကုန်း တမာတကောရေသွင်းရေနုတ်မြောင်း(၆)မိုင်အား ရေကြီးမှုမှ ကာကွယ်ရန်အတွက် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ /မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေမုယင်းဒေသတွင် ဇီးဖြူကုန်းရေတံခါး၊ သဝန်းတောရေတံခါးနှင့် ကတလှဲ့ရေတံခါး (၃)ခုတို့ဖြင့် မိုးရာသီရေထုတ်ပေးခြင်း၊ နွေရာသီ ရေချိုသိုလှောင်ပေးခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခတ္တိယ ရေကျော်ချောင်းဟောင်းသည် တိုးမြစ်နှင့် ပန်းလှိုင်မြစ်ကို ဆက်စပ်လျက်ရှိပါကြောင်း၊ (၅)မိုင်ခန့်ရှိ တိမ်ကောနေသည့် ချောင်းဟောင်းသည် ပန်းလှိုင်မြစ်အနီး ခတ္တိယနှင့် တူးချောင်းကျေးရွာကြား တိုးမြစ်နှင့် အဝေးဆုံးချောင်းဖျားတွင်တည်ရှိပြီး ပန်းလှိုင်မြစ်မှာ တိမ်ကောနေပြီဖြစ်သဖြင့် တိုးမြစ်မှ တစ်ဆင့် ရေချိုရရှိနိုင်သော်လည်း နှစ်စဉ်ရေတက်ရေကျ ဝေးကွာသောနေရာဖြစ်သဖြင့် နုန်းပို့ပြီး ပြန်လည်တိမ်ကောနိုင်သည်ကို တွေ့ရှိရပါကြောင်း၊သို့ဖြစ်ပါ၍ လုပ်ငန်းများဆောင်ရွက်မည်ဆိုပါက လုပ်ငန်းကုန်ကျစရိတ်နှင့် ရရှိနိုင်မည့်အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ /မရှိ ထပ်မံ၍ အချိန်ယူပြီး အသေးစိတ်လေ့လာရန် လိုအပ်သည့်အတွက် လောလောဆယ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ် မရှိသေးပါကြောင်း။

ရေတွင်းကုန်းကျေးရွာနှင့် တမာတကောကျေးရွာကြား ရေနုတ်မြောင်းသည် အရှည်အားဖြင့် ရေတွင်းကုန်းမှ လှိုင်သာယာကားလမ်းဘေးအထိ (၆)မိုင်ခန့် ရှည်လျားပါကြောင်း၊ ယခုလက်ရှိအခြေအနေမှာ မြောင်းအကျယ်(၁၅)ပေခန့်နှင့် အချို့နေရာတွင် (၁၀)ပေခန့်ရှိပြီး ရေအနက်မှာ(၄)ပေခွဲခန့် ရှိပါကြောင်း၊ ၎င်းရေနုတ်မြောင်းကို ထပ်မံတူးဖော်ပေးမည်ဆိုပါက နွေစပါးအတွက် ရေချိုသိုလှောင်နိုင်မှု ပိုမိုကောင်းမွန်ပြီး မိုးရေထုတ်နုတ်မှုလည်း အဆင်ပြေနိုင်မည်ဟုသိရပါကြောင်း၊ **ရေနုတ်မြောင်း တူးဖော်ရေးနှင့်ပတ်သက်၍ ၂၀၁၀-၂၀၁၁ ခုနှစ် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်တွင် ထည့်သွင်းရေးဆွဲထားခြင်း မရှိသေးပါကြောင်းနှင့် ထပ်မံအသေးစိတ်တိုင်းတာ၍ လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်တွင် ထည့်သွင်း၍ နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှု အပေါ်တွင်မူတည်ပြီး ဦးစားပေးအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်မှ စက်ကိရိယာပံ့ပိုးပြီး ဒေါက်တာခင်ရွှေက စက်သုံးဆီအပါအဝင် ကုန်ကျစရိတ်များကို ပံ့ပိုးပေးမည့်အစီအစဉ်ဖြင့် ဆောင်ရွက်ရန် အဆိုပြုတင်ပြချက်ကိုလည်း ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် တင်သွင်းထားသည့် **"လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်တို့က လယ်ယာမြေများကို နိုင်ငံတော်က ဥပဒေအရ နစ်နာကြေး၊ လျော်ကြေးပေး၍ သိမ်းယူခွင့်ရှိပါကြောင်း၊ လယ်သမားများအား မိမိ၏လုပ်ပိုင်ခွင့်ကို မဆုံးရှုံးစေဘဲ ကာကွယ်စောင့်ရှောက်ပေးစေလိုပါကြောင်း၊ ၎င်းတို့၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာအောင် နိုင်ငံတော်က ပံ့ပိုးပေးစေလိုပါကြောင်း၊ ဆန်ထုတ်လုပ်မှုမှာ နိုင်ငံတော်၏ တစ်မျိုးသားလုံးထုတ်လုပ်မှုတန်ဖိုး GDP၏ (၄၂ ဒသမ ၅)ရာခိုင်နှုန်း၊ ပြည်ပပို့ကုန်တန်ဖိုး၏ (၁၄ ဒသမ ၅) ရာခိုင်နှုန်းရှိပါကြောင်း၊ ဆန်စပါးစိုက်ပျိုးမှုကဏ္ဍတွင် တစ်နိုင်ငံလုံးလူဦးရေ၏ (၇၂) ရာခိုင်နှုန်းနှင့် တစ်နိုင်ငံလုံးအလုပ်လုပ်သူစုစုပေါင်း၏(၆၃)ရာခိုင်နှုန်းရှိပါကြောင်း၊ ဆန်စပါးထုတ်လုပ်မှု တိုးတက်နှုန်းသည် နိုင်ငံ၏လူဦးရေတိုးနှုန်းကို လိုက်မီရန်လိုအပ်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက် မဖြစ်ပေါ်လာရန်လည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ အထူးပြုကုမ္ပဏီများဖြင့် လယ်ယာကဏ္ဍဆောင်ရွက်ခြင်းသည် ရည်ရွယ်ချက် လျော်ကန်သင့်မြတ်ပါကြောင်း၊ သို့သော် အထူးပြုကုမ္ပဏီများက တောင်သူများ၏ လယ်ယာမြေကို သိမ်းယူခွင့်မရှိပါကြောင်း၊ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**

(သတင်းစဉ်)

ယင်းအဆိုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အဆိုနှင့်ပတ်သက်၍ မှတ်တမ်းအထောက်အထားများကို စိစစ်လေ့လာခြင်း အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်ကြားချက်များကိုပါ ရယူ၍ စိစစ်ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ရှင်းလင်းဖြေကြားသွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (၃)မြို့နယ်တွင်ရှိသည့် လယ်ယာမြေများကို ယခင်အစိုးရကာလ ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်များတွင် စုစုပေါင်း မြေဧရိယာ (၆၉၉၃၇)ဧကအား ဒဂုံမြို့သစ်အိမ်ရာစီမံကိန်းမြေအဖြစ် အသုံးချရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ခွင့်ပြုပေးခဲ့ကြောင်း။

အဆိုပါ မြေနေရာအတွင်း ယခု ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်(၁)ဧရိယာမှာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်မှ မြို့ပြစီမံကိန်းအရ ရန်ကုန်ဘူတာကြီး တည်ဆောက်မည့် လျာထားမြေနေရာနှင့် အိမ်ရာများဖော်ထုတ်ချထားခြင်း မပြုရသေးသော မြေနေရာများဖြစ်ပြီး အထူးစိုက်ပျိုးရေးဇုန် (၂) ဧရိယာမှာ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်တို့အတွင်းကျရောက်ပြီး မြို့ပြအိမ်ရာကွက်များ မဖော်ထုတ်ရသေးသော မြေများဖြစ်သည်ဟု စိစစ်တွေ့ရှိရပါကြောင်း။

**အဆိုပါ မြို့ပြစီမံကိန်းမြေ၌ စီမံကိန်းလုပ်ငန်းများ မစတင်မီ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးစိုက်ပျိုးချိန်တွင် လယ်သမား(၉၄၃)ဦးက မိုးစပါး (၆၅၈၄)ဧက စိုက်ပျိုးခဲ့ကြကြောင်း ၊ ၂၀၀၈ ခုနှစ် ဇူလိုင်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် ဒဂုံမြို့သစ်(၃)မြို့နယ်အတွင်းရှိ မြို့ပြမြေစီမံကိန်း မြေကွက်လပ်များ၌ စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားချက်အရ ယခင်ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အထူးဇုန်လုပ်ကွက်များအဖြစ် လျာထားသတ်မှတ်ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်း ကုမ္ပဏီများအား လုပ်ကွက်အလိုက် စက်မှုလယ်ယာစနစ်အကောင်အထည်ဖော်ရန် တာဝန်ပေးအပ် ချထားပေးခဲ့ကြောင်း၊ အထူးဇုန်(၁)နှင့် (၂)တို့အတွင်း ကုမ္ပဏီ (၁၆)ခု၊ စုစုပေါင်း(၉၈၇၃)ဧကကို လုပ်ကွက်ချထားပေးခဲ့ပါကြောင်း။**

စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်နယ်မြေအတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇုန် (၂)ခုအတွင်းရှိ လယ်သမား (၁၀၈၅)ဦး၊ မြေဧရိယာ (၇၅၀၅)ဧကအတွက် တစ်ဧကလျှင် ကျပ်(၂၀၀၀၀)နှုန်းဖြင့် စုစုပေါင်းငွေကျပ်(၁၅၁၀)သိန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဇုန်နယ်မြေအတွင်းရှိ လယ်တဲများနှင့် ဘုန်းကြီးကျောင်းများကိုလည်း မြို့ပြအိမ်ရာ ဖော်ထုတ်ထားပြီး ရပ်ကွက်အတွင်း အိမ်ရာမြေကွက်များ အခမဲ့ပေး၍ ပြောင်းရွှေ့နေရာချထားပေးပြီး လမ်းဖောက်လုပ်ပေးပြီးဖြစ်ကြောင်းကို စိစစ်သိရှိရပါကြောင်း။

အဆိုပါ အထူးဇုန်နယ်မြေအတွင်း ကုမ္ပဏီများက လယ်သမားများအား လယ်မြေတစ်ဧကလျှင် (၂၅၀၀၀)နှုန်း၊ (၄၀၀၀၀)နှုန်း၊ (၅၀၀၀၀)နှုန်းတို့ဖြင့် စုစုပေါင်းမြေ (၄၈၇၅)ဧကအတွက် ငွေကျပ် (၂၀၈၂) သိန်း နှင့် နေအိမ်များအသစ်ဆောက်လုပ်ပေးခြင်းအတွက် ငွေကျပ် (၅၈၆)သိန်း၊ ပေါင်းကျပ်(၂၆၆၈)သိန်း ထောက်ပံ့ငွေ ထပ်မံပေးအပ်ခဲ့ကြောင်း။

ကုမ္ပဏီများက ခေတ်မီစက်မှုလယ်ယာစံပြစိုက်ကွင်းများ ဖြစ်ပေါ်စေရေးအတွက် ရေသွင်းမြောင်း ပေပေါင်း(၄၆၇၀၀၀)ကျော်နှင့် ရေထုတ်မြောင်း ပေပေါင်း (၃၇၂၀၀၀) ကျော် ဖောက်လုပ်ပြီးဖြစ်ကြောင်း၊ မြေယာကွက်ပြုပြင်ခြင်း(ဧကကွက်များ ဖော်ထုတ်ခြင်း)တွင် စုစုပေါင်းဧရိယာ (၆၀၆၃)ဧက ဖော်ထုတ်ပြီးစီးကြောင်းနှင့် လျှပ်စစ်ရေတင်လုပ်ငန်းအတွက် ကုမ္ပဏီလုပ်ကွက်များအားလုံးတွင် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပြီး၍ ထရန်စဖော်မာများ တပ်ဆင်ထားရှိပြီးဖြစ်ကြောင်းနှင့် လျှပ်စစ်ရေတင်စက်များ အသုံးပြုလျက်ရှိကြောင်းကို သိရှိရပါကြောင်း။

စပါးသီးနှံစိုက်ပျိုးရေးအတွက် စက်ပစ္စည်းကိရိယာများကို အဓိကအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇုန် (၂)ခုတွင် စုစုပေါင်းထွန်စက်ကြီး (၈၈)စီး၊ ထွန်စက်လတ် (Mini Tractor)(၁၃)စီး၊ လက်တွန်းထွန်စက်(၅၉)စီး၊ ကောက်စိုက်စက် (၄၄)စီး၊ ရိတ်သိမ်းခြွေလှေ့စက်အကြီး (၁၀)စီး၊ ရိတ်သိမ်းခြွေလှေ့စက် အသေး (၁၉)စီး၊ ရိတ်စက် (၁၁)စီး၊ ခြွေစက် (၂၇)လုံးနှင့် ရေစုပ်စက် (၁၁၆)လုံး စုဆောင်းပြီး မြေပြင်တွင် လက်တွေ့အသုံးပြု ဆောင်ရွက်လျက်ရှိကြောင်း စိစစ်သိရှိရပါကြောင်း။

**စံပြအထူးဇုန် ဖော်ထုတ်ခြင်းမပြုမီ လယ်သမားများ၏ စပါးသီးနှံ စိုက်ပျိုးထွက် ရှိမှုနှင့် အထူးဇုန် ဖော်ထုတ်ပြီး စိုက်ပျိုးထွက်ရှိမှုကို နှိုင်းယှဉ်ပါက အထူးဇုန် မသတ်မှတ်မီ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နွေစပါးစိုက်ဧက (၁၈၇၈)ဧက၊ အထွက်နှုန်း (၇၇ ဒသမ ၃၄)တင်းနှင့် အထွက်တင်း (၁၄၅၂၁၈) တင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး (၆၅၈၄) ဧက၊ အထွက်နှုန်း (၅၈ ဒသမ ၉၈)တင်းနှင့် အထွက်တင်း (၃၈၈၃၂၆) တင်းသာရရှိရာမှ အထူးဇုန်သတ်မှတ်ပြီးနောက် ၂၀၀၈-၂၀၀၉ ခုနှစ် နွေစပါးရာသီမှစ၍ စိုက်ဧကနှင့် တစ်ဧကအထွက်နှုန်း တိုးတက်လာကြောင်း၊ ယခင်နှစ် ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးဧက (၆၉၅၀)၊ အထွက်နှုန်း (၆၈ ဒသမ ၄၃)တင်းနှင့် အထွက်တင်း(၄၇၅၅၉၀)၊ နွေစပါး(၆၂၄၄)ဧက၊ အထွက်နှုန်း(၈၄ ဒသမ ၄၄)တင်းနှင့် အထွက်တင်း (၅၁၇၇၈၄) တင်းထိ တိုးတက်ထွက်ရှိခဲ့ကြောင်း၊ စက်မှုစံပြဇုန်ဖော်ထုတ်ခြင်းမပြုမီ ၂၀၀၈-၂၀၀၉ ခုနှစ်မိုးစပါးစိုက်ဧရိယာထက်(၃၆၆)ဧက ပိုမို စိုက်ပျိုးလာနိုင်ခဲ့သည်ကို စိစစ်သိရှိရပါကြောင်း။**

ယင်းသို့ ကုမ္ပဏီလုပ်ငန်းရှင်များက စက်ကိရိယာ၊ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် သွင်းအားစုများစိုက်ထုတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသခံပြည်သူလူထုအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ယခင်မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြရသည့် အခြေအနေမှ ယခုအခါ မိသားစုလိုက် ဝင်ငွေပိုမိုရရှိလာကာ လူနေမှုအဆင့်အတန်းလည်း အထိုက်အလျောက် ပိုမိုတိုးတက်မြင့်မားခံစားရရှိနေကြရသည်ဟု သိရှိရပါကြောင်း။



**အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင် ဦးဇော်မြင့်ဖေ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဖတ်ကြား ရှင်းလင်းစဉ်။**

(သတင်းစဉ်)

ကုမ္ပဏီပေါင်း(၁၆)ခုက စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ကြရာတွင် အချို့ကုမ္ပဏီများမှာ ထိထိရောက်ရောက်အောင်မြင်သည်အထိ အရင်းအနှီးများ ထုထည်ကြီးမားစွာဖြင့် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသော်လည်း အချို့ကုမ္ပဏီများမှာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မှု မရှိသေးခြင်းကြောင့် မူလချမှတ်ပေးထားသည့်ရည်မှန်းချက်အတိုင်း ခေတ်မီစက်မှုလယ်ယာစနစ်စံပြစိုက်ပျိုးရေးအထူးဇုန်အဆင့်သို့ ရောက်ရှိအောင် ဆက်လက်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ကြရန်အတွက် တိုက်တွန်းနှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**သို့ဖြစ်၍ ဒဂုံမြို့သစ် လယ်ယာမြေများတွင် လုပ်ကိုင်ခွင့်ရယူထားသော ကုမ္ပဏီလုပ်ငန်းရှင်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆန္ဒသဘောထားခေါ်ယူစိစစ်မေးမြန်းခြင်း၊ မြေပြင်လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးခြင်း နည်းလမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်း၍ ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်၏ မူလရည်မှန်းချက်၊ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အချိန်ကာလတိတိကျကျ သတ်မှတ်ညွှန်ကြား ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။**

ညွှန်ကြားချက်အပေါ် လိုက်နာလုပ်ဆောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီတစ်ခုချင်းအား စိစစ်ဖော်ထုတ်၍ ၎င်းတို့၏ လုပ်ကိုင်ခွင့်များကို ပြန်လည်အပ်နှံစေပြီး အမှန်တကယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအတိုင်း အလျင်အမြန် လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်ဆောင်နိုင်မည့် လုပ်ငန်းရှင် **စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Bank for Investment and Development Vietnam) ဥက္ကဋ္ဌ Mr. Tran Bac Ha သည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**



ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကြား ဆန်စပါးသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြံ၊ ဝါနှင့် ရော်ဘာသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ လွှဲပြောင်းပေးအပ်ရေးနှင့် ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်အား လေဆိပ်မှ ကြိုဆိုပင့်ဆောင်ရေးအစမ်းလေ့ကျင့်ခြင်း ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် ဗုဒ္ဓမြတ်စွယ်တော်အား လေဆိပ်မှ ကြိုဆိုပင့်ဆောင်ရေး အစမ်းလေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်လေဆိပ်နှင့် ဥပ္ပါတသန္တိစေတီတော်တို့၌ ကျင်းပသည်။

အဆိုပါ အစမ်းလေ့ကျင့်ပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လေဆိပ်မှ ကြိုဆိုပင့်ဆောင်ရေးနှင့် ပူဇော်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ အခမ်းအနား ပြင်ဆင်ရေးနှင့် မော်တော်ယာဉ်များ ပြင်ဆင်မွမ်းမံရေးဆပ်ကော်မတီအတွင်းရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ပို့ဆောင်ရေးဆပ်ကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အခမ်းအနားကျင်းပခြင်းကိစ္စနှင့် စပ်လျဉ်းပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

**ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၁၁)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးနှင့် ပညာရှင်အဖွဲ့ဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**





ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ပညာရပ်ဆိုင်ရာ အကယ်ဒမီများအား ဖွဲ့စည်း၍ ပညာရပ်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံတွင်လည်း ၁၉၉၉ ခုနှစ်၌ နိုင်ငံတော်အစိုးရက ပညာရပ်ဆိုင်ရာ ပညာရှင်အဖွဲ့(၄)ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့လည်း အပါအဝင်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သုတေသနစာတမ်းဖတ်ပွဲသည် နိုင်ငံတော်၏ အဆင့်မြင့်ပညာကဏ္ဍ တိုးတက်မြင့်မားရေးတွင် အရေးပါသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန (Research) နှင့် ဖွံ့ဖြိုးရေး (Development) ကို လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအား ဟန်ချက်ညီညီ အင်တိုက်အားတိုက် လုပ်ဆောင်နိုင်ပါက နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် သုတေသနများ၊ ကမ္ဘာ့အဆင့်မီသည့် သုတေသနစာတမ်းများ ထုတ်နိုင်အောင် ကြိုးစားလုပ်ဆောင်ဖတ်ကြားစေလိုကြောင်း၊ အဆင့်မီသည့် သုတေသနများလုပ်ခြင်းဖြင့် မိမိနိုင်ငံတော်၏ ပညာရည် မြင့်မားတိုးတက်ရေးအတွက် ပါဝင် ဆောင်ရွက်ကြရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် မိမိတို့တတ်သည့် ပညာဖြင့် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

**အမှာစကားပြောကြား**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အမှာစကားပြောကြားကာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက နှုတ်ဆက်စကားပြောကြားသည်။

အဆိုပါစာတမ်းဖတ်ပွဲကို အောက်တိုဘာ (၂၄၊ ၂၅၊ ၂၇၊ ၂၈) ရက် လေးရက် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်ပေါင်း ၂၂ ခုအတွက် စာတမ်း ၂၄၃ စောင် ဖတ်ကြားကာ ယင်းစာတမ်းများကို စုစည်း၍ သုတေသနဂျာနယ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမှာစကားပြောကြား

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၁၁)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

❒ စာမျက်နှာ ၆ မှ

ကုမ္ပဏီများအား လွှဲပြောင်းလုပ်ကိုင် အကောင်အထည်ဖော် ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း။

အဆိုပါ နည်းလမ်းအတိုင်း အမှန်တကယ်လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်မည့် ကုမ္ပဏီများအား လွှဲပြောင်းလုပ်ကိုင်စေခြင်းဖြင့် မူလလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်စေပြီး ဒေသခံလူထုအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိစေမည့်အပြင် မိသားစု စားဝတ်နေရေးအတွက် ၎င်းတို့လက်ရှိရရှိနေသော ဝင်ငွေထက်သာလွန်သည့် ဝင်ငွေနှင့်အကျိုးခံစားမှုများ တိုးတက်ရရှိစေမည်ဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ကိုင်မှုများအား စနစ်တကျ စီမံခန့်ခွဲဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် လယ်ယာမြေ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုဆောင်ရွက်လျက်ရှိရာ အဆိုပါ လယ်ယာမြေဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာပါက နိုင်ငံနှင့်အဝန်း လယ်ယာမြေ လုပ်ကိုင်အသုံးချမှုများနှင့် အကျိုးခံစားမှုများအပေါ် ထိရောက်စွာကာကွယ်ဖြေရှင်း ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ပြန်လည်ရှင်းလင်းဖြေကြားချက်အရ ယင်းမြေယာများသည် မြို့ပြဖွံ့ဖြိုးမှုအတွက် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေအရ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက သိမ်းထားသည့် လယ်ယာမြေများ ဖြစ်ကြောင်း၊ သို့သော် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုနိုင်သည့်အတွက် ကုမ္ပဏီ (၁၆)ခုဖြင့် အထူးလယ်ယာစိုက်ပျိုးရေးဇုန်များ ဆောင်ရွက်သည့်ကိစ္စဖြစ်ကြောင်း၊ သို့ဖြစ်၍ လယ်ယာလုပ်ပိုင်ခွင့် ဆုံးရှုံးခြင်းဟူသည့် ကိစ္စများတွင် အကျုံးမဝင်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကမေးမြန်းရာ အဆိုတင်သွင်းသူက အဆိုကိုပြန်လည်ရုပ်သိမ်းပြီး မှတ်တမ်းတင်ပေးရန်တင်ပြသည့်အတွက် ဦးဆွေအောင်၏ အဆိုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်မြင့်ဖေက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို အခန်းအလိုက်၊ တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ ပယ်ဖျက်ချက်၊ နုတ်ပယ်ချက်များနှင့်အတူ ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အဆိုပါ **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း** အပေါ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ ပယ်ဖျက်ချက်၊ နုတ်ပယ်ချက်များကို လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး ရက်(၄၀)မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ (၂၅)ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၃)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၁)ခုကို ရုပ်သိမ်းခြင်းနှင့် ဥပဒေကြမ်း(၁)ခုကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးအတွင်း KNU အဖွဲ့က ထောင်ထားသောမိုင်းများ နင်းမိသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ၊ နှစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကနစိုးပင်ကျေးရွာနေ စောပုတီ အသက်(၃၀)သည် အောက်တိုဘာ ၂၀ ရက် နံနက် ၅ နာရီခွဲခန့်တွင် တောခုတ်ရန်အတွက် တောင်ယာသို့ သွားရောက်စဉ် ကျေးရွာနှင့် (၃)မိုင်ခန့်အကွာ၌ KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် ဘယ်ခြေဖနောင့်ပွင့်ထွက်နှင့် ညာဒူးတွင် မိုင်းစများ ထိမှန်သည့် ဒဏ်ရာများရရှိခဲ့ကြောင်းသိရှိရသည်။

ထို့အပြင် အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် မူသဲကျေးရွာမှ ရွာသား (၅)ဦးသည် ဟင်းသီးဟင်းရွက်ရှာဖွေရန် ရွာမှထွက်လာစဉ် ရွာ၏အရှေ့ဘက် (၃) မိုင်ခန့်အကွာ၌ မခင်မြင့်မြင့်မော် (၃၂)နှစ်သည် KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဘယ်ခြေချင်းဝတ်မှ ပြတ်သည့် ဒဏ်ရာရရှိခဲ့သဖြင့် ရွာသို့ပြန်လည်သယ်ဆောင်လာစဉ် ရွာနှင့် ၂ မိုင်ခွဲခန့်အကွာ၌ ၎င်းတို့နှင့် အတူပါလာသော မောင်သက်သက်အောင် အသက်(၂၀)သည် မိုင်းတစ်လုံး ထပ်မံနင်းမိရာ ညာခြေချင်းဝတ်မှ ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် မောင်ဝင်းနိုင် (၁၆) နှစ်သည်လည်း ကြောက်လန့်သဖြင့် ထွက်ပြေးရာမှ နေရာအနီး၌ပင် မိုင်းတစ်လုံး ထပ်မံနင်းမိပေါက်ကွဲခဲ့၍ ဘယ်ခြေချင်းဝတ်မှ ပြတ်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ကျောက်ကြီးမြို့နယ် မူသဲကျေးရွာမှ မိုင်းထိလူနာများအား ကျေးရွာသို့ ပြန်လည်သယ်ဆောင်လာစဉ် မခင်မြင့်မြင့်မော်နှင့် မောင်သက်သက်အောင်တို့မှာ လမ်း၌သေဆုံးခဲ့ပြီး မောင်ဝင်းနိုင်အား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ထန်းတပင်မြို့နယ် ကနစိုးပင်ကျေးရွာမှ မိုင်းထိလူနာ စောပုတီအား မုန်းတိုက်နယ်ဆေးရုံသို့ လည်းကောင်း တာဝန်ရှိသူများနှင့် ရွာသားများက ပို့ဆောင်၍ဆေးဝါးကုသကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သထုံခရိုင်အတွင်းရှိ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် အောက်တိုဘာ ၂၄

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတား(မုပ္ပလင်)သို့ ရောက်ရှိပြီး စစ်တောင်းမြစ်ကမ်းနား လက်ဝဲဘက်ခြမ်းရှုရပ် (view point) တည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုသည်။**

ထို့နောက် စိမ်းလဲ့တင်ဥယျာဉ် ရှင်းလင်းဆောင်၌ ကျိုက်ထီးရိုးတောင်တန်းဒေသတောတွင်းသဘာဝ လေ့လာရေးနှင့် ပရဆေးဥယျာဉ် တည်ဆောက်မည့်နေရာများ၌ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် မြေနေရာရွေးချယ်ဆောင်ရွက်သွားရန်၊ ကင်းမွန်းစခန်းကို မြို့ပြအဖြစ် စီမံချက် ချမှတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်ထိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်ရှိ တည်ဆောက်ဆဲ ရွှေဟောင်း ရဟန္တာသိမ်တော်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းတွင် ဘီးလင်းမြို့နယ် ဘုရင့်နောင်မြို့ကွက်သစ် (ဂျပန်ကုန်း) အကောင်အထည်ဖော် ဆောင်ရွက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံကာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဘီးလင်းမြို့နယ်အတွင်း ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့၍ မွန်ပြည်နယ်အနေဖြင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက စေတနာအပြည့်ဖြင့် ပူးပေါင်းပါဝင်ကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်ရာတွင် အောက်ခြေအဆင့်သည် အခြေခံဖြစ်၍ တာဝန်ရှိသူများအနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ ပြည်သူလူထုအတွက် စေတနာထား ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

○ **ရှေ့ဖုံးမှ**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်း၊ အရင်းအမြစ်များ လျော့ပါးလာခြင်း၊ စားနပ်ရိက္ခာဈေးနှုန်း မြင့်မားလာခြင်း၊ စားနပ်ရိက္ခာလုံခြုံရေးအတွက် စိုးရိမ်မှုပိုမိုလာခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု များပြားလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ရသည့် ပြဿနာတို့သည် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေလျက်ရှိသော်လည်း ကမ္ဘာတစ်ဝှမ်းလုံးရှိ လူသားများ၏ ဖွံ့ဖြိုးသာယာမှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးအတွက် ရေးဆွဲထားသည့် ထောင်စုနှစ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ တိုးတက်မှုအချို့ ရရှိလျက်ရှိပါသည်။ ဖြစ်ပေါ်နေသည့် ကမ္ဘာ့ပြဿနာများကို အဆုံးသတ်စေရန်နှင့် ကမ္ဘာကြီးတစ်ခုလုံးအား ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ တရားမျှတမှုရှိသော ကမ္ဘာကြီးအဖြစ် တည်ဆောက်ရေးအတွက် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ မျှော်မှန်းချက်များသည် ကုလသမဂ္ဂအဖွဲ့ကြီးထံတွင် ရှိနေပါသည်။ မြန်မာနိုင်ငံအနေဖြင့် လူမှုရေးတရားမျှတမှု၊ စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ ဘဝအဆင့်အတန်းမြင့်မားမှုတို့အတွက် ကုလသမဂ္ဂ၏ အရေးပါသည့် အခန်းကဏ္ဍကို ယုံကြည်မှုအပြည့်အဝရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာသူကမ္ဘာသားများ၏ မျှော်မှန်းချက်များကို အပြည့်အဝရရှိအောင် ဖော်ဆောင်ပေးနိုင်မည်ဟုလည်း အပြည့်အဝယုံကြည်လျက်ရှိပါသည်။ အဆိုပါ ယုံကြည်ချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့အခါသမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးအတွက် ဆုမွန်ကောင်းများကို ကျွန်ုပ်နှင့်အတူ ပါဝင်ပို့သကြပါရန် ဖိတ်မန္တက ပြုအပ်ပါသည်။



☆ **ကမ္ဘာကြီးမှ**

မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး Mr. Chua Hian Kong Robert ဦးဆောင်သည့် သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူး မစ္စတာ ရားမတ်အမ်ရှုရတ်သာ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ၂၀၁၁ ခုနှစ် (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာအသိုက်အဝန်းဖြစ်သည့် အခြားသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ မိမိတို့ခေတ်၊ မိမိတို့အခါတွင် အထင်ရှားဆုံး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့ကြီးကို ယနေ့ဂုဏ်ပြုလိုပါကြောင်း။

ယင်း အပြည်ပြည်ဆိုင်ရာအဖွဲ့ကြီးသည် လူသားများအတွက် ကြီးမားသည့်သောကမီးလျှံများ တောက်လောင်ခဲ့သည့် ကမ္ဘာစစ်ကြီးနှစ်ခု၏ ပြာပုံများကြားက ပေါက်ဖွားလာခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နောင်လာနောက်သားများနှင့် ကမ္ဘာစစ်ကြီးကဲ့သို့သော လူသားများအတွက် လူမဆန်သည့် အတိဒုက္ခများ၊ ပျက်စီးဆုံးရှုံးမှုများ နောက်ထပ် ထပ်မံမပေါ်ပေါက်လာစေရေးဆိုသော သန္နိဋ္ဌာန်နှင့်အတူ လူသားများအပေါ် လေးစားမှု၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးမှု စသည်တို့အပေါ် အခြေခံလျက် ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ကုလသမဂ္ဂကြီးကို စတင်တည်ထောင်ခဲ့သည့် ယခင်ခေါင်းဆောင်များကလည်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်သာမက လူသားတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဖော်ဆောင်ပေးရန် ရေရှည်ရည်မှန်းချက်များနှင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ မိသားစုဝင်တစ်ဦးအဖြစ် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်အစဉ်အလာကောင်းများနှင့် အညီ ကျင်းပခဲ့ရာ ယခုနှစ်လည်း ကုလသမဂ္ဂပဋိညာဉ်စာတမ်းကြီး စတင်သက်ဝင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အစဉ်အလာကောင်းများနှင့်အညီ ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါကြောင်း။

**အောင်မြင်မှုရခဲ့**

နိုင်ငံတကာအသိုက်အဝန်းကို ကိုယ်စားပြုပြီး တူညီသည့်ရည်မှန်းချက်များ၊ တူညီသည့် အကျိုးတရားများကို အခြေခံလျက် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသော (၁၉၃)နိုင်ငံပါဝင်သည့် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၆၆)နှစ်အတွင်း ကြီးမားသည့် အောင်မြင်မှုရလဒ်များ ရရှိခဲ့သည်ဟု ပြောနိုင်ပါကြောင်း၊ ကမ္ဘာစစ်ကြီး ထပ်မံမဖြစ်ပွားအောင် တားဆီးထားနိုင်ခဲ့သကဲ့သို့ လက်နက်အားပြိုင်မှုကိုလည်း တားဆီးနိုင်ခဲ့ပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုလည်း တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတကာဥပဒေ၊ လူသားချင်း စာနာထောက်ထားမှု၊ လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ဖော်ဆောင်ထိန်းသိမ်းနိုင်ခဲ့ကြပါကြောင်း၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများ ဥပမာ-အာဖရိကကဲ့သို့သော ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ယနေ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာတစ်ဝန်း လူသားများအားလုံး၏ဘဝရှင်သန်တိုးတက်ရေးဆိုင်ရာ လုပ်ငန်းမှန်သမျှတွင် ပါဝင်ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

**အကောင်းဆုံးမဏ္ဍိုင်**

ယနေ့မျက်မှောက်ကာလတွင် ထပ်မံပေါ်ပေါက်လာနေသော ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ရသည့် ပြဿနာများ၊ စားနပ်ရိက္ခာလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းစသည့် အသွင်သစ် စိန်ခေါ်မှုများသာမက နိုင်ငံငယ်များအပေါ် အနိုင့်အထက်ပြုမှုများ၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို အင်အားသုံးဝင်ရောက်စွက်ဖက်မှုများ စသည့် တည်ရှိဆဲနိုင်ငံတကာပြဿနာများကို ရင်ဆိုင်ဖြေရှင်းရေးတွင်လည်း ကမ္ဘာ့နိုင်ငံအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ကြိုးပမ်းရာမှာ ကုလသမဂ္ဂသည်သာ အကောင်းဆုံးမဏ္ဍိုင်ဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲရေး**

ယခုကဲ့သို့ ကုလသမဂ္ဂကြီး၏ အရေးပါမှု အခန်းကဏ္ဍ မြင့်မားလာသည်နှင့်အမျှ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့်အညီ အထွေထွေညီလာခံ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာလာရေး၊ လုံခြုံရေးကောင်စီကို ပွင့်လင်းမှု၊ တာဝန်ယူမှုနှင့် နိုင်ငံအများစု အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးစသည့် ထိရောက်သော ကုလသမဂ္ဂကြီးတစ်ခုလုံး ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ကျကျ ဆောင်ရွက်သွားနိုင်မည်ဆိုလျှင် နိုင်ငံစုံဆက်ဆံရေးစနစ်ကို ဒီမိုကရေစီနည်းလမ်းနှင့်အညီ ကျင့်သုံးနိုင်မည်ဖြစ်ပြီး ကုလသမဂ္ဂ၏ နဂိုရှိရင်းစွဲ အရေးပါသောအခန်းကဏ္ဍကိုလည်း ပိုမိုမြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။



**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့်၌ ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများ ဖွံ့ဖြိုးသာယာမှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် ရေးဆွဲခဲ့သော ထောင်စုနှစ်ရည်မှန်းချက်များကို ကမ္ဘာ့နိုင်ငံအားလုံးက ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအချို့ ရရှိလျက်ရှိပါကြောင်း၊ ယင်းထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် အပြီး အကောင်အထည်ဖော်ကြရန် ထောင်စုနှစ်ကြေညာချက်စာတမ်းတွင် သတ်မှတ်ထားပါကြောင်း၊ ယင်းရည်မှန်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် မျှတမှုမရှိသည့် စီးပွားရေးအကျပ်ကိုင်မှုများ၊ ကုန်သွယ်ရေးပိတ်ဆို့မှုများကို ဖယ်ရှားပြီး တရားဝင်ဖွံ့ဖြိုးမှုအကူအညီများကို ခွဲခြားမှုမရှိဘဲ ဖြည့်ဆည်းပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း၊ ဈေးကွက်ရရှိစေရေးနှင့် ကြွေးမြီပြဿနာများ ဖြေရှင်းပေးခြင်းစသည့် ကူညီပံ့ပိုးမှုများ အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့မှသာ လူသားထုတစ်ရပ်လုံး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားမျှတရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ မွန်မြတ်သော ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

**သဘာဝဘေးအန္တရာယ်**

ပြီးခဲ့သော နှစ်များအတွင်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှု၏ ထင်ရှားသည့် အကျိုးဆက်သာဓကများအဖြစ် ကမ္ဘာ့နေရာအနှံ့အပြားတွင် မြေလျှင်များ၊ ရေလွှမ်းမိုးမှုများစသည့် မကြုံစဖူးပြင်းထန်လှသော သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပြီး လူသားတစ်ရပ်လုံး၏ ဘဝ သာယာဝပြောမှုကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် နေရာအနှံ့အပြားမှာ စိုက်ပျိုးရေးကိုထိခိုက်ကာ စိုက်ပျိုးရေးထုတ်လုပ်မှုများ ကျဆင်းပြီး နိုင်ငံအများအပြား စီးပွားရေးကို ထိခိုက်စေခဲ့ပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံး ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း။

**ရင်ဆိုင်ကျော်လွှား**

မြန်မာ့သမိုင်းတွင်လည်း ၂၀၀၈ ခုနှစ်က မကြုံစဖူး ပြင်းထန်လှသော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်နှင့် ပြီးခဲ့သည့်နှစ်ကလည်း ဂီရိမုန်တိုင်းဒဏ်တို့ကို ခံစားခဲ့ရပြီး အရေးပေါ်အခြေအနေများ ကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတို့နှင့်အတူ အောင်မြင်စွာ လက်တွဲဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးခဲ့သော ကုလသမဂ္ဂအဖွဲ့၊ အာဆီယံအဖွဲ့၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်သည် လူ့အခွင့်အရေးကို လေးစားရေးနှင့် မြှင့်တင်ရေးဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အတိအလင်း အာမခံထားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသော နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုလည်း မကြာသေးမီက ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဖြစ်ပါကြောင်း။

**ကဏ္ဍစုံပြုပြင်ပြောင်းလဲ**

ကမ္ဘာကြီးတွင် မကြာသေးမီကာလအတွင်း နိုင်ငံရေးအခြေအနေအပြောင်းအလဲများကို တွေ့မြင်ခဲ့ကြရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီနိုင်ငံအဖြစ် တည်ငြိမ်အေးချမ်းစွာ၊ ချောမောညင်သာစွာဖြင့် ပြောင်းလဲခဲ့ပါကြောင်း၊ ဒီမိုကရေစီလမ်းစဉ် ဖော်ဆောင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝ တိုးမြင့်လာရေးအတွက် နိုင်ငံတော်အစိုးရက ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ယင်းလုပ်ငန်းစဉ်အဆင့်ဆင့်သည်လည်း ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်ဖြင့် အကောင်အထည်ပေါ်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ထာဝရငြိမ်းချမ်းရေး**

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသည့်အစိုးရဖြစ်ပေါ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေပြင်ပသို့ရောက်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်သွယ်ကမ်းလှမ်းဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအားလည်း လူသားချင်းစာနာထောက်ထားမှုနှင့် သနားချစ်ခင်မှု၊ မိသားစုများအား ငဲ့ညှာမှု၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရေး ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်က အကျဉ်းသား ၆၃၅၉ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ယခုကဲ့သို့ အရေးပါသော အခြေအနေနှင့် အချိန်ကာလတွင် ကုလသမဂ္ဂကြီးအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ အားပေးထောက်ခံမှု၊ စာနာထောက်ထားမှုနှင့် အကူအညီပေးမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးတွင် အရေးပါကြောင်း ပြောကြားလိုပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

ယခုကဲ့သို့ လူသားထုတစ်ရပ်လုံး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားမျှတရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ မွန်မြတ်လှသော အကျိုးပြုလုပ်ငန်းများ ပိုမိုအောင်မြင်စေကြောင်း မိမိတို့အားလုံး ဆုမွန်ကောင်းတောင်းကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ



**အမှာစကားပြောကြား**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





## အမှာစကားပြောကြား

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)




# ရွှေတိဂုံစေတီ နှစ်(၂၆၀၀)ပြည့် ဖေဖော်ဝါရီ ၁၁ မှ ၂၀ အထိ လှည့်လည်အပူဇော်ခံမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရွှေတိဂုံစေတီတော်မှ ရုပ်ပွားတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသက်န်းတော်များ လှည့်လည်ပူဇော်ခံမှုကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှည့်လည်ပူဇော်ခံရာတွင် ညပိုင်းကိန်းဝပ်သောဒေသများတွင် ဒေသခံများက ဓမ္မဒေသနာတော်များကို အလှည့်ကျရွတ်ဆိုပူဇော်ခြင်း၊ ပန်းဆီမီး စုပေါင်းပူဇော်ခြင်း၊ ဆွမ်းတော်ကြီးပို့ခြင်း၊ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်းဖြင့် ကုသိုလ်ပြုနိုင်မည်ဖြစ်ပြီး ရွှေတိဂုံဓာတ်ပုံပြပွဲ၊ ဗုဒ္ဓဂယာဓာတ်ပုံပြပွဲနှင့် ရွှေတိဂုံရုပ်ရှင်များ ကြည့်ရှုနိုင်မည့်အပြင် အမှတ်တရလက်ဆောင်များ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (၆၈၀)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဆုရစာစီစာကုံးများနှင့် ကုလသမဂ္ဂဆိုင်ရာ စာအုပ်များကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရေး ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်က အကျဉ်းသား ၆၃၅၉ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ယခုကဲ့သို့ အရေးပါသော အခြေအနေနှင့် အချိန်ကာလတွင် ကုလသမဂ္ဂကြီးအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ အားပေးထောက်ခံမှု၊ စာနာထောက်ထားမှုနှင့် အကူအညီပေးမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးတွင် အရေးပါကြောင်း ပြောကြားလိုပါကြောင်း။

### ဆုမွန်ကောင်းတောင်း

ယခုကဲ့သို့ လူသားထုတစ်ရပ်လုံး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားမျှတရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ မွန်မြတ်လှသော အကျိုးပြုလုပ်ငန်းများ ပိုမိုအောင်မြင်စေကြောင်း မိမိတို့အားလုံး ဆုမွန်ကောင်းတောင်းကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖတ်ကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ သဝဏ်လွှာကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူး မစ္စတာ ရားမတ်အမ်ရှုရတ်သာက ဖတ်ကြားသည်။

**[ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကို စာမျက်နှာ(၂)တွင် ဖော်ပြထားပါသည်။]**

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မခင်ဆုအောင်၊ ဒုတိယဆုရ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ချမ်းဟိန်းနှင့် တတိယဆုရ နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြတ်ဆုဟန်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက (၆၆) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရ နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မမြတ်ဖူးခြုံ၊ ဒုတိယဆုရ နေပြည်တော် တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစံပယ်ဖြူဖြူလွင်နှင့် တတိယဆုရ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသက်နွယ်ဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

### ဆုများချီးမြှင့်

ဆက်လက်၍ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ ရားမတ်အမ်ရှုရတ်သာက (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ မူလတန်းအဆင့်တွင် ပထမဆုရ နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မခတ္တာလှိုင်၊ ဒုတိယဆုရ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မဖြိုးဖြိုးကြွယ်နှင့် တတိယဆုရ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာမူလတန်းကျောင်း (မူလွန်) စည်ပင်သာယာမှ စတုတ္ထတန်းကျောင်းသား မောင်ရှိန်းဝေဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

### လိုက်လံနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် (၆၆)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဆုရစာစီစာကုံးများနှင့် ကုလသမဂ္ဂဆိုင်ရာ စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၀-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | "ပညတ်၊ ပရမတ်အကြောင်း ရှင်းပြပုံ" ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ) |
| ၆:၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅)** |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (ဇာတ်သိမ်း)** |
| ၈:၅၀ | မေတ္တာရှင်(ရွှေပြည်သာ)စာချဆရာတော်နှင့် စာအောင်သံယာဂုဏ်ပြုဆုပေးပွဲ |
| ၉:၀၀ | သံဝေဇနီယလေးဌာနနှင့် ဖူးစို့စွယ်တော် "မဟာတိုး"နဲ့ သွားမယ်နော် |
| ၉:၃၀ | Cartoon Show Time |
| ၁၀:၁၀ | Activities in The City |
| ၁၀:၃၀ | Celebrity Style |
| ၁၁:၀၀ | IT လောကကိုဖြည့်ဆည်းပေးမယ့် KKA Computer Center |
| ၁၁:၂၀ | International Show Biz |
| ၁၁:၄၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂:၁၀ | သင်ကြားရေးလမ်းညွှန် |
| ၁၂:၃၀ | ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် (အပိုင်း-၇) |
| ၁:၀၀ | "ပညတ်၊ ပရမတ်အကြောင်း ရှင်းပြပုံ" ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | ရယ်စရာဗေးရှင်း (ကျွန်တော်ဘာမှမလုပ်ရပါဘူး) |
| ၂:၄၅ | ခေတ်မီသောဝန်ဆောင်မှုများနှင့် အနာဂတ်ဟိုတယ်များဆီသို့ . . . |
| ၃:၀၅ | Activities in The City |
| ၃:၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅)** |
| ၄:၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (ဇာတ်သိမ်း)** |
| ၅:၁၀ | စာပေမြတ်နိုးသူများအတွက် TAB BOOK CENTRE |
| ၅:၃၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၅:၅၀ | သဘာဝဘေးဒုက္ခ အန္တရာယ်ပုံပြင်များ (ရေကြီးခြင်းနှင့်မြေပြိုခြင်း) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆)** |
| ၇:၂၅ | Celebrity Choice |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | မြန်မာ-ကိုရီးယား ချစ်ကြည်မှုအနုပညာ |
| ၉:၀၀ | Channel 7 ရုပ်သံလိုင်းသစ်အကြို မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနား |
| ၉:၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁)** |
| ၁၀:၁၅ | အနုပညာမိုးကောင်းကင် |
| ၁၀:၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၁:၀၀ | World of Knowledge |
| ၁၁:၅၀ | သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ |
| ၁၂:၀၅ | ဖန်တီးသူနှင့်အနုပညာ |
| ၁၂:၄၀ | ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ် (ပါမောက္ခဦးမြသော်) |
| ၁၂:၅၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၁:၁၅ | အားကိုးအားထား (ဖိုးသောကြာ၊ ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်) |
| ၁:၃၀ | Shooting Location |
| ၁:၅၅ | စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ |
| ၂:၂၅ | လှပချစ်စရာလက်မှုအနုပညာ |
| ၂:၅၀ | ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက် |
| ၃:၀၅ | ကဏ္ဍာစုံလင်အားကစားအစီအစဉ် |
| ၄:၀၅ | သန့်ရှင်းကျန်းမာသော. . . အာဟာရပြည့်မှုများနှင့်အတူ |
| ၄:၂၀ | မုံရွာမြို့ရဲ့အထင်ကရနေရာ(၉)ခု |
| ၄:၃၅ | ဖူးပွင့်ဝေဆာ ရွှေကျင်မြေမှ ဥယျာဉ်သာ |
| ၄:၄၅ | ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၁) |
| ၅:၀၀ | အစီအစဉ်ပြီး။ |

# ပုညကုသလဗဟုကရအသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

C.M.A ပုညကုသလဗဟုကရအသင်း၏ (၁၁၃)နှစ်မြောက် အသင်းတည်ထောင်သည့်နေ့ မိတ်ဆုံညစာစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် Western Park 1 (သခင်မြပန်းခြံ)၌ ကျင်းပမည်ဖြစ်ရာ အသင်းတိုက်တည်ရှိရာ ရုံးခန်း CMA Tower အမှတ်(၇၅) လမ်းမတော်လမ်း (အောက်လမ်း)၌ ရုံးချိန်အတွင်း အသင်းသားများ၏ ဂုဏ်ထူးရ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ရန်အတွက် အောက်တိုဘာ ၃၀ ရက်နောက်ဆုံးထား၍ အချက်အလက်အပြည့်အစုံဖြင့် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



# စိုက်ပျိုးနည်းပညာသရုပ်ပြပွဲ ပျဉ်းမနား၌ ကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၂၄**

ပျဉ်းမနားမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် နေကြာအထွက်ကောင်းမျိုးအား JET PLANTER ကိရိယာဖြင့် စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ညောင်ပင်သာရွာ တောင်သူကြီး ဦးဘို၊ ဦးတင့်လွင်၊ ဦးကိုလေးတို့၏ ယာမြေလေးဧကတွင် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ**(အပေါ်ပုံ)** မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ ခရိုင်မန်နေဂျာ ဦးစောစိန်ဝင်းနှင့် စိုက်ပျိုးရေးပညာရှင် အဖွဲ့ဝင်များနှင့်အတူ နေကြာစိုက်ပျိုးကြမည့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ အလားတူ အဆိုပါ သရုပ်ပြပွဲကို သစ်လေးလုံးအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာ ယာမြေနှစ်ဧကတွင်လည်း သရုပ်ပြဆောင်ရွက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဧက ၅၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။ (၅၈၆)

25-10)09.pmd 1 10/25/2011, 2:41 AM

# မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဆာဟီယာအယ်ဘက်ဒါ့ချ်ထံ သံအမတ်ကြီး ဦးတင်ဦး ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အူလန်ဘာတာမြို့၌ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဆာဟီယာအယ်ဘက်ဒါ့ချ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

# အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်ဖလား (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်ဖလား တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက်(အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်နိုင်၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဘရွှေက အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပထမဆုရ မုံရွာဇုန်အသင်းနှင့် အမျိုးသားဘောလုံးပြိုင်ပွဲ ပထမဆုရ မြစ်ကြီးနားဇုန် အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို အောက်တိုဘာ ၂၃ ရက်တွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ ဟင်္သာတဇုန်(၂) အသင်းက မအူပင်ဇုန်(၂) အသင်းကို ခုနှစ်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဖျာပုံဇုန်(၁)အသင်းနှင့်မြောင်းမြဇုန်(၁)အသင်းတို့ နှစ်ဂိုးစီဖြင့် သရေကျ သွားသည်။

ပြိုင်ပွဲများကို အောက်တိုဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ ပုသိမ်ဇုန်(၂)အသင်းနှင့် ဟင်္သာတဇုန်(၁) အသင်းတို့သည်လည်းကောင်း၊ ဖျာပုံဇုန်(၂)အသင်းနှင့် မြောင်းမြဇုန်(၂) အသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

နေပြည်တော် အောက်တိုဘာ ၂၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅၇/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန် ကြေညာလိုက်သည်။**

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၅၇/၂၀၁၁)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

## တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

ရှမ်းပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၃၃၀၈၄ | (အစား) | ကြည်း ၃၃၀၈၀ |
| ဗိုလ်မှူး/ဗိုလ်ကြီးမြင့်မိုးအောင် | | ဗိုလ်မှူး/ဗိုလ်ကြီး ကျော်ဇေယျ |

**အမိန့်အရ**
**(ဝင်းကို)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တံခွန်စိုက် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက် အငယ်တန်းကာယ အလှမယ်ပြိုင်ပွဲ၌ ပထမဆုရရှိသော မလှိုင်နှင်းနှင်းအေး (လှိုင်မြို့နယ်) အား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစားအောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်သန်း ဆုချီးမြှင့်စဉ်။**

(အား/ကာ)



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ ထိန်းသိမ်းရေး ဟောပြောပွဲနှင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (၂၀၁၁)အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် စာစီစာကုံးပြိုင်ပွဲ ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲကို အောက်တိုဘာ ၂၀ ရက်က လှိုင်သာယာမြို့နယ် အထက (၃)၌ ကျင်းပရာ မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်း ဟောပြောစဉ်။** (ကြေးမုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ငလျင်ဘေးအတွက် အကူအညီများပေးအပ်မည်ဟု တူရကီကို အစ္စရေးကမ်းလှမ်း

**ဂျေရုဆလင် အောက်တိုဘာ ၂၄**

နှစ်နိုင်ငံအကြား ဆက်ဆံရေး၌ တင်းမာမှုများ ရှိဆဲဖြစ်သော်လည်း ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှုဒဏ်ကိုခံစားခဲ့ရပြီးနောက် သေကျေပျက်စီးမှုများနှင့် ရင်ဆိုင်ခဲ့ရသော တူရကီနိုင်ငံကို အရေးပေါ်အကူအညီများ ပေးအပ်မည်ဟု အစ္စရေးနိုင်ငံက အောက်တိုဘာ ၂၃ ရက်တွင် ကမ်းလှမ်းခဲ့ကြောင်းသိရသည်။

လိုအပ်သမျှ မည်သည့်အကူအညီမျိုးကိုမဆို ငလျင်ဒဏ်ခံစားခဲ့ရသော တူရကီနိုင်ငံသို့ ပေးအပ်သွားရန် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ပြင်ဆင်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်စ်၏ ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအပြင် အန်ကာရာမြို့တော်ရှိ အစ္စရေးသံရုံးကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်သွားရေးအတွက် တူရကီအစိုးရအား ကမ်းလှမ်းထားကြောင်း အစ္စရေး နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

သို့ရာတွင် လက်ရှိအချိန်၌ တူရကီနိုင်ငံအနေဖြင့် မည်သည့်အကူအညီမျှ လိုအပ်ခြင်းမရှိသေးကြောင်း၊ ငလျင်ကပ်ဘေးနှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်ကို တူရကီနိုင်ငံက စီမံထိန်းချုပ်နိုင်ကြောင်း အစ္စရေး၏ ကမ်းလှမ်းချက်နှင့် စပ်လျဉ်း၍ တူရကီသမ္မတ အဗ္ဗဒူလ်ဂူးလ်က တုံ့ပြန်ပြောကြားခဲ့သည်။



**တူရကီနိုင်ငံ ဗင်းပြည်နယ် အားစစ်မြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော အဆောက်အအုံပျက်မှ လူမမယ်ကလေးတစ်ဦးကို ကယ်ထုတ်လာစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

၂၀၁၀ ခုနှစ် မေလတွင် အစ္စရေးရေတပ်အထူးတပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်ထောက်ပံ့ရေးသင်္ဘော အုပ်စုကို တက်ရောက်စီးနင်းခဲ့ရာ တူရကီနိုင်ငံသား ကိုးဦးသေဆုံးခဲ့ရပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးအထူး တင်းမာခဲ့ရသည်။

အောက်တိုဘာ ၂၃ ရက်က တူရကီနိုင်ငံအရှေ့ပိုင်း၌ လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ ၂၇၀ အထိ မြင့်တက်လာကြောင်း တူရကီပြည်ထဲရေးဝန်ကြီးက ယနေ့ပြောကြားသည်။ သို့ရာတွင် ငလျင်ဒဏ်၏ အဖျက်စွမ်းအား ပမာဏအရ လူ ၁၀၀၀ ကျော် သေဆုံးမည်ဟု ခန့်မှန်းရသည်။

ငလျင်ဒဏ်ကို အပြင်းထန်ဆုံး ခံစားခဲ့ရသော အားစစ်မြို့တွင် အဆောက်အအုံ ၈၀ ပြိုကျပျက်စီးခဲ့ရပြီး ယင်းတို့အနက် ၄၀ တွင် လူများပိတ်မိနေဆဲဖြစ်ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

**အင်တာနက်။**

# ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်သို့ ဆင်ခြေဖုံးဒေသများမှ ရေများစီးဝင်နိုင်

**ဗန်ကောက် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံမြို့တော်ဗန်ကောက်သို့ ဆင်ခြေဖုံးဒေသများမှ ရေများစီးဝင်လာနိုင်သဖြင့် ရေလွှမ်းမိုးနိုင်သော ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် မြို့တော်အုပ်ချုပ်ရေးမှူးက အောက်တိုဘာ ၂၃ ရက်တွင် သတိပေးချက်ထုတ်ပြန်လိုက်သည်။

## ပိုမိုမြန်ဆန်နိုင်

မြို့တော်ဗန်ကောက်၌ ရေလွှမ်းမိုးမှုဖြစ်ပွားနေချိန်မှာပင် အနီးဝန်းကျင်ဆင်ခြေဖုံးဒေသများမှ ရေများစီးဝင်လာနိုင်မှုသည် မျှော်လင့်ခဲ့သည်ထက် ပိုမိုမြန်ဆန်နိုင်ကြောင်း ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးမှူး ဆူခါဘန်ပါရီဘာတြီက အောက်တိုဘာ ၂၃ ရက် နှောင်းပိုင်းတွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

မြို့တော်ဗန်ကောက်အနီးရှိ ဒွန်မောင်းလေဆိပ်၌ ရေလွှမ်းမိုးမှုဖြစ်ပွားနိုင်သည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

ဒွန်မောင်းလေဆိပ်သည် မြို့တော်ဗန်ကောက်၏ လေဆိပ်ဟောင်းဖြစ်ပြီး ယင်းလေဆိပ်ကို ယခုအခါ ရေလွှမ်းမိုးမှုထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဌာနချုပ်ရုံးအဖြစ် အသုံးပြုလျက်ရှိကြောင်း၊ ရေဘေးဒုက္ခသည်များမှာလည်း ယင်းလေဆိပ်ဟောင်းတွင် ခိုလှုံလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒွန်မောင်းလေဆိပ်အနီးနေထိုင်သူများကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မြို့တော်ဗန်ကောက်ရှိ နေရာဒေသငါးနေရာတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်သည်ဟု မြို့တော်အုပ်ချုပ်ရေးမှူးက သတိပေးထားသည်။ **အင်တာနက်။**

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက်(၄၀)မြောက်နေ့ ဆက်လက်ကျင်းပ

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်တိုဘာ ၂၇ ရက်တွင် ဆွေးနွေးအတည်ပြုရန်လျာထား

နေပြည်တော် အောက်တိုဘာ ၂၄

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက်(၄၀)မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၁)ဦးတို့ တက်ရောက်ကြသည်။**

အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း၍ အတည်ပြုပေးပို့သော **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို အောက်တိုဘာ ၂၀ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိခဲ့ပြီးဖြစ်ရာ အောက်တိုဘာ ၂၇ ရက်တွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ ဆွေးနွေးအတည်ပြုရန် လျာထားကြောင်းနှင့် ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီနောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်းသိရှိရသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း(၉)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြရာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကိုကြီး၏ **ပေါများစွာရသော တိရစ္ဆာန်အစားအစာများကို ပြည်တွင်း၌သုံး၍မကုန်က ပြည်ပသို့ ထွက်ခွင့်ပြုခြင်းဖြင့် တောင်သူများအတွက် သင့်တင့်မျှတသောဈေးကိုရရှိကာ အကျိုးရှိမည်ဖြစ်ပါသောကြောင့် ပြည်ပမှပဲပုပ်ဖတ်၊ ဖွဲနုများတင်သွင်းခွင့်ကို တားမြစ်ပေးရန်အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် **စားအုန်းဆီကို(၅၀)ရာခိုင်နှုန်းခန့် လျှော့သွင်းခြင်းဖြင့် ပြည်တွင်းနှမ်းဆီ၊ နှမ်းဈေးကွက်အရောင်းအဝယ်ကောင်းလာပြီး သင့်တင့်မျှတသောဈေးသို့ ရောက်နိုင်လိမ့်မည်ဟု မျှော်လင့်ရသဖြင့် စားအုန်းဆီကိုလျှော့သွင်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေအရ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့**❖



ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု

နေပြည်တော် အောက်တိုဘာ ၂၄

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပီမောင်စိုးက“**လွိုင်ကော်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင်**



အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

**လိုအပ်လျက်ရှိသော လူနာကုသဆောင်(တိုးချဲ့)အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ**”မေးမြန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများအသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးဆေးရုံများအား လုပ်ငန်းလိုအပ်ချက်အရ ခုတင်အဆင့်တိုးမြှင့်ခြင်းနှင့် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်း၊ အထူးကုဌာနအသစ်များ ဖွင့်လှစ်ခြင်းနှင့် ဆေးရုံများတွင် စံကိုက်ဖွဲ့စည်းပုံ ဝန်ထမ်းအင်အားရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လွိုင်ကော်ဆေးရုံကြီးကို တိုးချဲ့ဆောက်လုပ်ရန်အတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာဌာနမှ တင်ပြချက်အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က **“ကျေးရွာပတ်ဝန်းကျင် သယံဇာတများကို ထိန်းသိမ်းမှုလည်းဖြစ်ပြီး တောသူတောင်သားများအတွက်လည်း စားဝတ်နေရေးအဆင်ပြေ၍ ဆင်းရဲနွမ်းပါးမှုလည်း အထောက်အကူဖြစ်စေရန် အခမဲ့သုံးစွဲမှုကို ဥပဒေပြဋ္ဌာန်း ခွင့်ပြုပေးရန် အစီအစဉ် ရှိ /မရှိ”**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ခုနှစ် ပုဒ်မ ၃၇(က)အရ **“နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်** စာမျက်နှာ ၆ ကော်လံ ၁ သို့◆